ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (1-1-2014) (၇၇၁၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် နံနက် ၇ နာရီမှ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခွင့်ရခြင်းဖြစ် ကိုယ့်မြေ ကိုယ့်ပရိသတ်ရှေ့မှောက်၌ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

နေပြည်တော် ဒီဇင်ဘာ ၃၁

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် ဒုတိယသမ္မတက အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများကို အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် ASEAN Para Sport Federation-APSF) ၏ စည်းမျဉ်းများနှင့်အညီ ကျင်းပလျက်ရှိရာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်နိုင်ငံက အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကိုပါ အိမ်ရှင်အဖြစ် ဆက်လက်လက်ခံကျင်းပပေးရပါကြောင်း၊ မိမိတို့နိုင်ငံက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကင်းထောက်လူငယ်မောင်မယ်များ ကွင်းဆင်းလေ့ကျင့်

မကွေး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ အထက(၂)မှ (၁/၂၀၁၃) ကင်းထောက် သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများသည် ဒီဇင်ဘာ ၃၀ ရက်က ကျောင်းနှင့် နှစ်မိုင်ခန့်ဝေးသောခြံသို့ ခြေကျင်ခရီးကြမ်းလျှောက်၍ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါကွင်းဆင်းလေ့ကျင့်မှုတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ ဖြစ်ကြောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်ဦး ဦးစီး၍ ဆရာ ဆရာမ ကိုးဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦးပါဝင်ကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ဟိုင်းလပ်ယာဉ်များ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ပြင်ပတွင်သာ ပြေးဆွဲရတော့မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဝင်းဝင်းမော်၊ နန္ဒာဝင်း

ရန်ကုန်မြို့တွင် အများပြည်သူသုံးယာဉ်များ(လိုင်းကား)များကိုစီးကာ နေ့စဉ်သွားလာနေကြရသည့် ခရီးသည်မှာ ၂ ဒသမ ၄ သန်းခန့်ရှိသည်ဟု မထသဗဟိုမှ ထုတ်ပြန်ချက်များအရ သိရသည်။ ပြေးဆွဲနေသော ဟိုင်းလပ်ယာဉ်လိုင်း ၄၆ လိုင်းတွင် ကားစီးရေ ၈၀၄ စီးရှိပြီး ခရီးသည်ပို့ဆောင်မှုမှာ တစ်ရက်လျှင် တစ်သိန်းတစ်သောင်းကျော်ရှိသည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒီဇင်ဘာ ၉ ရက်က " ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခရီးသည်တင် ဟိုင်းလပ်မော်တော်ယာဉ်ပြေးဆွဲခွင့် ဝင်ရောက်ခွင့် မပြုရေး စီစဉ်ဆောင်ရွက်ရန်" ဆိုပြီးထုတ်ပြန်လိုက်ကြောင်း သိရသည်။

"ရပ်စဲပစ်လိုက်တာ မဟုတ်ဘူး။ ဒါကို နားလည်ဖို့လိုတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အပြင်ဘက်မှာ ပြေးဆွဲလို့ရတယ်။ တိုက်ကြီး၊ ထောက်ကြံ့၊ ပဲခူး၊ ခရမ်း၊ သုံးခွ၊ သန်လျင်တို့ကို ပြေးဆွဲလို့ရတယ်။ စည်ပင်သာယာနယ်နိမိတ်အတွင်းပဲ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❒

ကြေးမုံစာတည်းရှုထောင့် | ၁-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

လွတ်လပ်ရေးတန်ဖိုး

လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံရှိ နေ့ထူးနေ့မြတ်များအနက် တန်ဖိုးအနဂ္ဃထိုက်တန်သော နေ့တစ်နေ့ဖြစ်သည်။ ထိုလွတ်လပ်ရေးနေ့သို့ရောက်လေတိုင်း လွတ်လပ်ရေးအောင်ပွဲအခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့တိုင်းမြို့တိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြလေသည်။

လွတ်လပ်ရေးဟူသည် တိုင်းတစ်ပါးအုပ်စိုးခြင်းမှ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်စွာ အုပ်ချုပ်နေထိုင်ရခြင်းဖြစ်သည်။ သူ့ကျွန်ဘဝတွင် နေထိုင်ရသောဘဝနှင့် ကိုယ့်အရှင်ကိုယ့်သခင်နှင့် နေထိုင်ရသောဘဝတို့ မည်မျှကွာခြားသည်ကို မလွတ်လပ်ခင်ဘဝက နေထိုင်ခဲ့ရသောလူများ သိရှိကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရသောနေ့တွင် မြန်မာတစ်မျိုးသားလုံး ဝမ်းမြောက်ပျော်ရွှင်ဖြစ်ခဲ့ကြရသည်။

ထိုပျော်ရွှင်မှုကိုအကြောင်းပြု၍ လွတ်လပ်ရေးနေ့မှအစပြု၍ လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို အမြို့မြို့အနယ်နယ်တို့တွင် နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ကြသည်။ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရများမှာ ကြီးမားလှသဖြင့် တစ်တိုင်းပြည်လုံး ခြိမ့်ခြိမ့်သဲကျင်းပထိုက်ပေသည်။

သို့သော် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ၌ နှစ်ပေါင်းကြာမြင့်လာသောအခါ ပျော်ပွဲရွှင်ပွဲကျင်းပသူများ လျော့နည်းလာခဲ့သည်။ ထို့ကြောင့် လွတ်လပ်ရေး၏တန်ဖိုးနှင့်အနှစ်သာရမြင့်မားစေရန်အတွက် ဒီမိုကရေစီအစိုးရလက်ထက် ယခုနှစ်လွတ်လပ်ရေးနေ့တွင် အမြို့မြို့အနယ်နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပရန် နိုးဆော်ထားသည်။

အမှန်မှာ မြန်မာ့လွတ်လပ်ရေးသည် အုပ်စိုးသူနယ်ချဲ့များထံမှ ဒူးထောက်လက်ဝါးဖြန့် အသနားခံတောင်းယူခဲ့ရသည့်အရာမဟုတ်။ အသက်သွေးချွေးများစွာ စတေးကာတိုက်ယူခဲ့ရသည့် ရတနာတစ်ပါးသာဖြစ်ပါသည်။ မြန်မာ့ဦးသျှောင်သီပေါဘုရင်ပါတော်မူသည့်နေ့မှ အစပြုခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုခရီးကြမ်းတွင် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး ကြိမ်မီးအုံးမှုခံစားခဲ့ကြရသည်။ နိုင်ငံရေး၊ စစ်ရေးနည်းလမ်းစုံသုံး ကြိုးပမ်းခဲ့ကြရသည်။ အသက်ပေါင်းမြောက်မြားစွာစတေး ခရီးကြမ်းခဲ့ရသည်။ နောက်ဆုံးလွတ်လပ်ရေးရခါနီး မိမိတို့နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးကျဆုံးကာ လွတ်လပ်ရေးအတွက် စတေးခံခဲ့ရသည်။

ဤရွေ့ဤမျှ ခက်ခက်ခဲခဲပင်ပင်ပန်းပန်းရင်းယူခဲ့ရသော ရက်မြတ်မင်္ဂလာ လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံသားတို့၏ နှလုံးသားမှာ သားစဉ်မြေးဆက်မပျောက်ပျက်နိုင်သော အမြိုက်ရတနာဖြစ်နေထိုက်ပါသည်။ ဤနေ့ရောက်တိုင်း လွတ်လပ်မှု၏အနှစ်သာရကို တမြည့်မြည့်ခံစားရင်း လွတ်လပ်ရေးအတွက် အသက်ပေးလှူခဲ့ကြသော တိုင်းရင်းသား ရဟန်းရှင်လူပြည်သူ သူရဲကောင်းအပေါင်းတို့အား တမြည့်မြည့်သတိရရင်း၊ ရည်စူးလှူဒါန်းကုသိုလ်ပြုအမျှအတန်းပေးဝေကြရင်း အနှစ်သာရပြည့်ဝသော လွတ်လပ်ရေးအခမ်းအနားကို ဆင်ယင်ကျင်းပအလေးအမြတ်ပြုလျက် လွတ်လပ်ရေး၏တန်ဖိုးကိုအမွှမ်းတင် နှောင်းလူများသို့ လက်ဆင့်ကမ်းအမွေပေးသွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီးဦးကျော်လွင် လမ်း၊ တံတားလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပဒါန်းမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းအခြေအနေနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တံတားများ၏ကြံ့ခိုင်မှုအပိုင်းကို အမြဲမပြတ်ကြီးကြပ်ကွပ်ကဲပေးရန်နှင့် ဘီးလမ်းကြမ်းခင်းများ ပြင်ဆင်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းအပိုင်းအား စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားများ၊ Box Culvert များ တည်ဆောက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ ပုစွန်ပနီချောင်းတံတားတည်ဆောက်နေမှု၊ မကျီးကုန်းချောင်းတံတားတည်ဆောက်နေမှု၊ ကျီးချောင်းတံတားတည်ဆောက်နေမှု၊ ဇွန်ပြွန်းချောင်းတံတားတည်ဆောက်နေမှုနှင့် ရိုးချောင်းတံတားတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ မိမိတို့တာဝန်ယူဆောင်ရွက်သည့် လမ်းအပိုင်းနှင့် တံတားများကို သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စလင်း-စေတုတ္တရာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်း/တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စလင်း-စေတုတ္တရာလမ်းအပိုင်း ကံပြားလမ်းဆုံမှတစ်ဆင့် ပုသိမ်-မုံရွာလမ်း(ကံပြား-ပဒါန်းအပိုင်း)၊ မင်းဘူး-အမ်းလမ်း (ပဒါန်း-မင်းဘူးအပိုင်း)နှင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ကတ္တရာလမ်းသားပျက်စီးမှုအပိုင်းများအား အမြန်ဆုံးပြင်ဆင်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်းရှိ ယင်းချောင်းတံတားသို့ ရောက်ရှိပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်မောင်ညွန့်က ရေလမ်းကြောင်းထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားရေတိုက်စားမှုမရှိစေရေးအတွက် စနစ်တကျ တိုင်းတာတွက်ချက် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ခေတ္တလမ်းပိတ်မည်

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၅ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်လမ်း(ရှင်စောပုလမ်းဆုံမှ အလုံလမ်းဆုံအထိ)ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်	ရွှေဈေး	၆၄၆၃၀၀	- ၆၄၇၃၀၀
မန္တလေး	ရွှေဈေး	၆၄၆၃၀၀	- ၆၄၇၃၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၁၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၆၃. ၂
(ဂ) တရုတ်	တစ်ယွမ်	= ၁၆၂. ၈၂
(ဃ) ထိုင်း	တစ်ဘတ်	= ၃၀. ၀၆၉
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၁၄
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၄၀
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၄၀. ၅၈
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၄၉၀
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၉. ၃၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

❖ ရွှေဖုံးမှ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုအောင်မြင်စွာ လက်ခံကျင်းပပြီးဖြစ်၍ ယခု (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို လက်ခံကျင်းပတော့မည်ဖြစ်ပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် ချမှတ်ပေးခဲ့သည့် လုပ်ငန်းလမ်းညွှန်၌ 'အားကစားကွင်း၊ အားကစားရုံ၊ အားကစားနေရာများ ပြင်ဆင်ရာတွင် မသန်စွမ်းအားကစားပြိုင်ပွဲများအတွက်သာ ကြိုတင်မြော်တွေး၍ မသန်စွမ်းအားကစားသမားများနှင့် အားပေးသူပရိသတ်များအတွက် အထူးလိုအပ်ချက်များကို ထည့်သွင်းစီမံထားရန်၊ အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း မသန်စွမ်းသူများ အပြည့်အဝအသုံးချနိုင်ရန် တန်းတူညီမျှခြင်း၊ ပါဝင်ဆင်နွှဲခွင့်ရှိခြင်း၊ မျှဝေခံစားခြင်း (Equality, Participation and Sharing) ဦးတည်ချက်ကို ပုံဖော်ပေးနိုင်ရန်'ဟူသည့် အချက်ကို ထည့်သွင်းခဲ့ပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်နှင့်အညီ ကြိုတင်မြော်တွေးပြင်ဆင်မှုများကို ပြုလုပ်ခဲ့သဖြင့် ယခုအခါပြိုင်ပွဲကြီးလက်ခံကျင်းပရန် အသင့်အနေအထား ရှိနေပြီဖြစ်ပါကြောင်း။

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသမိုင်းတစ်လျှောက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခွင့်ရခြင်း ဖြစ်ပါကြောင်း၊ မြန်မာမသန်စွမ်းအားကစားအသင်းအတွက် ကိုယ့်မြေပေါ်တွင် ကိုယ့်ပရိသတ်ရှေ့မှောက်၌ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းကြီးပင် ဖြစ်ပါကြောင်း။

၁၉၉၄ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော်များတွင်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင်လည်းကောင်း မြန်မာမသန်စွမ်းအားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာကောင်းရှိခဲ့ပါကြောင်း၊ "မသန်သော်လည်း စွမ်းပါသည်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်" ဟူသော စိတ်ဓာတ်၊ သတ္တိ၊ ဇွဲတို့ဖြင့် ယှဉ်ပြိုင်ပြီး အောင်ပွဲခံအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မသန်စွမ်းအားကစားမောင်မယ်များအနေဖြင့် အားကစားထူးချွန်မှု ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ခွင့်ရရှိစေရန်နှင့် ကမ္ဘာကြီးအား စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်စေရန်ဟူသည့် မသန်စွမ်းအားကစားလှုပ်ရှားမှု၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ပေးနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း၊ မသန်စွမ်းအားကစားပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မြန်မာမသန်စွမ်းအားကစားမောင်မယ်များ အောင်ပန်းဆင်နိုင်ရေးတို့အတွက်လည်း ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လစ်ကွက်ဟာကွက်မရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မသန်စွမ်းအားကစားမောင်မယ်များ၏ ပွဲမဝင်ခင်အပြင်က ကျင်းပဆိုသလို လေ့ကျင့်ပြင်ဆင်ထားမှုများမှာလည်း အားရဖွယ်ကောင်းပါကြောင်း၊ အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ် အသီးသီးကလည်း ဆိုင်ရာအားကစားနည်းများအလိုက် အနီးကပ်စောင့်ရှောက်အားပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းအားကစားမောင်မယ်များ၏ အားကြိုးမာန်တက်ကြိုးပမ်းအားထုတ်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ နေထိုင်စားသောက်သွားလာရေးနှင့် အားကစားလေ့ကျင့်ရေးကိစ္စအဝဝအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးထားပါကြောင်း၊ တန်းတူညီမျှခြင်း၊ ညီညွတ်ခြင်း၊ ချစ်ကြည်ခြင်းတို့ကို ဖော်ဆောင်မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာမသန်စွမ်း အားကစားမောင်မယ်များက အားကစားထူးချွန် လူရည်မွန်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းတို့က ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ လုံခြုံရေးကော်မတီ၊ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေး ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီ၊ လူထုစည်းရုံးလှုံ့ဆော်ရေးကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ ဆက်သွယ်ရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးနှင့် ရလဒ်ကောင်းများ ရရှိရေးအတွက်ကိုလည်း တာဝန်ရှိသူအသီးသီးမှ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

(သတင်းစဉ်)

✻ကညွတ်ကွင်းမှ

အစီအစဉ်အရ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အဆောက်အအုံများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် အဆောက်အအုံသစ် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုလွှတ်တော်နာယက က အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင် Aroma Rose Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်က အဆောက်အအုံသစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ကညွတ်ကွင်းမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကနှင့်အဖွဲ့သည် ဆေးရုံအတွင်းနှင့် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ**(အပေါ်ပုံ)** လူနာတစ်ဦးချင်းအား အလှူငွေများ ပေးအပ်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆောက်လုပ်လှူဒါန်းသည့် တိုးချဲ့လူနာဆောင်သည် အလျားပေ ၄၀၊ အနံ ၂၇ ပေရှိ နံကပ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး ခြောက်ခန်းတွဲသူနာပြုဆောင်သည် အလျား ၇၂ ပေ၊ အနံပေ ၄၀ ရှိ နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ဟိုင်းလပ်ယာဉ်မှ

ကန့်သတ်တာ၊ ပိတ်ပင်တာမဟုတ်ဘူး"ဟု မထသဗဟိုကော်မတီ အတွင်းရေးမှူး ဦးဘမြင့်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဟိုင်းလပ်ပြေးဆွဲခွင့် မပြုလုပ်ဖို့(ဥပမာ)တိုက်ကြီး/ထောက်ကြံ့ ဆိုရင်ရတယ်။ ပဲခူး၊ ထောက်ကြံ့ပြေးလို့ရတယ်။ ထောက်ကြံ့ကနေ ရန်ကုန်မြို့တွင်းကိုဝင်လို့ မရပါဘူး။ အလားတူ အနောက်ဘက် စည်ပင်သာယာနယ်နိမိတ် Toll ဂိတ်အပြင်ဘက်အထိရတယ်။ သန်လျင်တံတားဟိုဘက်ရတယ်။

ပထမပိုင်းမှာ ဟိုင်းလပ်ယာဉ်တွေ အမိုးပေါ်မှာ မတင်ပါနဲ့၊ အန္တရာယ်ရှိလို့ပြောတာ။ ကားတစ်စုံတစ်ရာ မတော်တဆဖြစ်ရင် လူအများကြီးသေဆုံးထိခိုက်ဒဏ်ရာရနိုင်တယ်။ ဒါ့ကြောင့် ဘေးတွယ်၊နောက်တွယ်စီးနင်းတာတွေကို မလုပ်ဖို့ပြောတယ်။ ဒါပေမယ့် စည်းကမ်းလိုက်နာမှုမရှိဘဲ စီးနင်းနေကြတယ်။ အခုအခါမှာတော့ စည်ပင်သာယာနယ်နိမိတ်ကို ဟိုင်းလပ်တွေမဝင်ဖို့ တားမြစ်လိုက်တာပါ။

အပ်စရာရှိတာကိုအပ်ပြီး Mini Bus တွေ၊ ခေတ်အလိုက်ကားတွေကို တဖြည်းဖြည်းသွင်းပေးရတယ်။ အစိုးရကလည်း ခွင့်ပြုတယ်။ ကျွန်တော်တို့က တတ်နိုင်သမျှကူညီပြီး လိုင်းတွေထည့်ပေးတယ်။ ပြေးကြတယ်။ ဟိုင်းလပ်၊ ဒိုင်နာဆိုတာ ကုန်တင်တဲ့ယာဉ်တွေ၊ လူစီးကားမဟုတ်ပါဘူး။ အခြေအနေအရ ခွင့်ပြုထားတာပါ။

အခုကန့်သတ်လိုက်တာဖြစ်ပါတယ်။ ဟိုင်းလပ်တွေ မပြေးရလို့ ရပ်ဆိုင်းလိုက်တာ မဟုတ်ပါဘူး။ စည်ပင်သာယာနယ်နိမိတ်အပြင်မှာ ပြေးနိုင်တယ်။ ကုန်စည်အနေနဲ့ ပြေးဖို့လုပ်နိုင်တယ်။ ကားကိုလဲနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကားအသစ်များတင်သွင်းလာမှုရှိသည့်အတွက် မူလယာဉ်ပိုင်ရှင်များတွင် အဆင့်မမီသည့် ယာဉ်များကို တဖြည်းဖြည်းထုတ်ပြီး ထိုကားများကို အစားထိုးပြေးဆွဲနေမှုများရှိသော်လည်း ယာဉ်လိုင်းတိုးချဲ့ရန် အစီအစဉ်မရှိဟု သိရသည်။

ယခုဟိုင်းလပ်များနေရာတွင် အစားထိုးမည့် မီနီဘတ်စ်များမှာ CNG ကုဗပေ ၄၈၀ ဆံ့သော်လည်း ဟိုင်းလပ်များမှာ ကုဗပေ ၂၀၀ သာ ခွင့်ပြုထားသဖြင့် CNG ရရှိရေးအဆင်ပြေစေရန် အစိုးရအဖွဲ့သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု မထသဗဟိုမှ သိရသည်။

ဟိုင်းလပ်ယာဉ်ပိုင်ရှင် တစ်ဦးကလည်း "ပြောင်းလဲတာကို လက်ခံပါတယ်။ ဒါပေမယ့် ချက်ချင်းဆိုတော့ အဆင်သင့် မဖြစ်သေးတဲ့အတွက် အချိန်လိုချင်တဲ့သဘောပါ"ဟု ပြောသည်။

ဟိုင်းလပ်ယာဉ်များဖြင့် နေ့စဉ်ခရီးသွားလာနေသည့် ခရီးသည်တစ်ဦးကလည်း "ခေတ်တစ်ခုရဲ့ အရွေ့မှာ ပြောင်းလဲမှုရဲ့ သဘာဝအရ ပြောင်းလဲနေရမှာပဲ၊ ဒီဟိုင်းလပ်တွေက ၁၉၈၀ ကျော်ကျော်မှာ သဘော်သားတွေ တင်သွင်းလာလို့ သဘော်သားကားလို့တောင် နာမည်ပေးထားကြတာ။ အခုဆို သက်တမ်းနှစ်ပေါင်း (၃၀)ကျော် ၄၀ နီးပါးရှိပြီပေါ့။ အမှန်တော့ ဒီကားတွေက ကုန်တင်ကားတွေပါ။ မဆလခေတ်မှာ ဗိုက်ပူလို့ခေါ်တဲ့ စစ်အတွင်းက ချက်ပလက်ကားတွေ မလုံလောက်မှုကြောင့် ခရီးသည်ကားတွေ ဖြစ်နေရတာပါ။ ပြောင်းတာတော့ ပြောင်းရမှာပဲ။ သို့ပေမယ့် ပြောင်းလဲမှုမှာ ကြိုတင်ပြင်ဆင်မှုရှိဖို့တော့ လိုပါတယ်။ CNG ကားတွေ ပြောင်းတုန်းက CNG ဆိုင်တွေအသင့်မဖြစ်သေးဘဲ ပြောင်းခဲ့လို့ ကသီလင်တဖြစ်ခဲ့ဖူးတယ်။ ရည်ရွယ်ချက်ရော၊ အကျိုးအမြတ်ရော နှစ်ဖက်စလုံးကောင်းပေမယ့် ကြိုတင်ပြင်ဆင်ထားမှု အသင့်မဖြစ်သေးခင် ပြောင်းလိုက်တဲ့အတွက် စေတနာကို ဝေဒနာထင်သွားကြတာပေါ့"ဟု ဆိုသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ညီလာခံကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ညီလာခံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်အထက် သက်ကြီးကျန်းမာရေးမှူးများအား လူငယ်ကျန်းမာရေးမှူးများက ပူဇော်ကန်တော့ကြသည်။

ညီလာခံဒုတိယပိုင်းတွင် သဘာပတိ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဥက္ကဋ္ဌ ဦးအောင်ခင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဒေါက်တာဆွေဝင်းက မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ Organization Development နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ဖတ်ကြားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

❍ ကင်းထောက်လူငယ်မှ

ယင်းသင်တန်းသားများအား တစ်ဖွဲ့လျှင် ရှစ်ဦးနှုန်းဖြင့် ကျားခြောက်ဖွဲ့၊ မခြောက်ဖွဲ့ခွဲ၍ တဲဆောက်ခြင်း၊ သဘာဝဘေးဒဏ်အကြောင်းများ ဟောပြောခြင်း၊ GAMES ကစားခြင်းများ ပြုလုပ်ခြင်းများကို အဖွဲ့လိုက် ပြိုင်ပွဲကျင်းပပြီး ထူးချွန်သည့်အဖွဲ့များအား သင်တန်းဆင်းပွဲတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်ထိ ရှစ်ရက်ဖြစ်ကြောင်း သိရသည်။

ခင်သန်းဦး (ဖန်ခါးမြေ)

ကြေးမုံသတင်းစာတိုက် ဝန်ထမ်းများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၅၂) လမ်းထောင့်ရှိ ကြေးမုံသတင်းစာတိုက်တွင် ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်ခဲ့ရာ ကံထူးသူဝန်ထမ်းတစ်ဦးအား စာတည်းမှူးချုပ်မှ ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ ဓာတ်ပုံ- ခင်မောင်ဝင်း

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အင်ဒိုနီးရှား ဆုမတြာကျွန်း၌ မီးတောင်ပေါက်ကွဲ ဒေသခံပြည်သူ ၁၉၀၀၀ ကျော် ထွက်ပြေးခိုလှုံရ

စီနာဘန်း ဒီဇင်ဘာ ၃၁

အင်ဒိုနီးရှားနိုင်ငံ ဆုမတြာကျွန်းအနောက်ပိုင်းရှိ စီနာဘန်းမီးတောင် ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ ၁၉၀၀၀ ကျော်မှာ နေအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးခဲ့ကြရကြောင်း သဘာဝဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားသည်။

မှုတ်ထုတ်

စီနာဘန်းမီးတောင်သည် ဒီဇင်ဘာ ၃၀ ရက်ညနှင့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ကျောက်ရည်ပူများနှင့် မီးတောင်ပြာများကို မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်ပြာမှုန်များသည် မီတာ ၇၀၀၀(ပေ ၂၃၀၀၀)အမြင့်အထိရောက်ရှိခဲ့ကြောင်း သဘာဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဗိုနူဂရိုဟိုက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှု ဘေးအန္တရာယ်နှင့်ပတ်သက်၍ အမြင့်ဆုံးအဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။ မီးတောင်ထိပ်ဝမှပတ်လည် ငါးကီလိုမီတာ(သုံးမိုင်)အကွာအဝေးအတွင်း လူဝင်ရောက်ခြင်းမပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မိမိတို့၏နေအိမ်များကို စွန့်ခွာ၍ထွက်ပြေးကြရသူ ဒေသခံပြည်သူ ၁၉၃၂၆ ဦး ရှိကြောင်း ဆူတိုပိုက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုဘေးအန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန် ရဲတပ်ဖွဲ့နှင့်ကြည်းတပ်တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်ပေးလျက်ရှိကြသည်။ ဒေသခံပြည်သူများ ဘေးကင်းရာ၌ ခိုလှုံနိုင်ရန် ၎င်းတို့က အကူအညီပေးလျက်ရှိကြသည်။

ပီတီအိုင်။

စီနာဘန်းမီးတောင် ပေါက်ကွဲမှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးခိုလှုံကြရသော ဒေသခံပြည်သူများကို တွေ့ရစဉ်။

ဆိုချီအိုလံပစ်ပွဲတော်အကြိုကာလ လုံခြုံရေး အမေရိကန်က အကူအညီပေးရန် ကမ်းလှမ်း

ဝါရှင်တန် ဒီဇင်ဘာ ၃၁

ရုရှားနိုင်ငံ ဗော်လ်ဂိုဂရက်မြို့၌ ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ဆိုချီဆောင်းရာသီအိုလံပစ်အားကစားပွဲတော်အကြိုကာလတွင် ရုရှားနိုင်ငံနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားရန် အမေရိကန်ပြည်ထောင်စုက ကမ်းလှမ်းလိုက်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သောသတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဆိုချီအိုလံပစ်အားကစားပွဲတော်အတွက် လုံခြုံရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ရာတွင် အမေရိကန်အစိုးရက အင်တိုက်အားတိုက် အားပေးကူညီသွားရန် ကမ်းလှမ်းထားကြောင်း၊ အာကစားသမားများ၊ ပွဲကြည့်ပရိသတ်နှင့် အားကစားပွဲတော်၌ ပါဝင်သူများအားလုံးအတွက် လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် မိမိတို့ပူးပေါင်းဆောင်ရွက်လိုကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ကာလင်းဟေဒင်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံတောင်ပိုင်း ဗော်လ်ဂိုဂရက်မြို့၌ ဒီဇင်ဘာ ၃၀ ရက်က ထရော်လီဘတ်စ်ကားတစ်စီးကို ပစ်မှတ်ထား၍ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ ၁၄ ဦးထက်မနည်းသေဆုံးခဲ့ရသည်။ အဆိုပါမြို့မှာပင် ဒီဇင်ဘာ ၂၉ ရက်က ရထားဘူတာရုံတစ်ရုံတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၇ ဦးသေဆုံးခဲ့ရသည်။ **ရိုက်တာ။**

ဆိုချီ အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ရုရှားတပ်ဖွဲ့က လေကြောင်းရန်ကာကွယ်ရေးစနစ်တပ်ဆင်ထားသော စစ်ယာဉ်တစ်စီး ဖြန့်ကြက်ထားသည်ကို တွေ့ရစဉ်။

အမေရိကန်၌ ရထားနှစ်စင်းတိုက်မိ မီးလောင်ပေါက်ကွဲမှုဖြစ်ပွား

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း ဒါကိုတာပြည်နယ်၌ ရေနံစိမ်းတင်ဆောင်လာသော ရထားတစ်စင်းနှင့် အခြားရထားတစ်စင်းတို့တိုက်မိရာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားကြောင်း ဒေသခံသတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရထားချင်းတိုက်မိမှုကြောင့် သေကျေဒဏ်ရာရမှုနှင့်ပတ်သက်သည့်သတင်းကို မရရှိသေးကြောင်း၊ မတော်တဆမှုဖြစ်ပွားရာနေရာအနီး၌ နေထိုင်သော ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။

အနီးအပါးသို့ ချဉ်းကပ်၍ မငြိမ်းသတ်နိုင်လောက်အောင် မီးလောင်မှုပြင်းထန်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

မတော်တဆမှု ဖြစ်ပွားရသည့်အကြောင်းရင်းကိုမသိရသေးကြောင်း၊ ရထားချင်းမတိုက်မိမီ ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

ဒေးဗစ်ဘက်ခမ်း အပန်းဖြေနေသည့်ကျွန်းသို့ လူသေအလောင်း မျောပါလာ

မာလေ(မော်လ်ဒိုက်) ဒီဇင်ဘာ ၃၁

မော်လ်ဒိုက်နိုင်ငံရှိ တစ်သီးတစ်သန့်တည်ရှိသော အပန်းဖြေကျွန်းတစ်ကျွန်း၌ အင်္ဂလိပ်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း အပန်းဖြေလျက်ရှိနေချိန်အတွင်း ယင်းကျွန်း၏ကမ်းခြေသို့ လူသေအလောင်း တစ်လောင်း ရေမျောကမ်းတင်ရောက်ရှိလာကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံ၏ မြို့တော်တည်ရှိရာ မာလေကျွန်းအနီး အပန်းဖြေစခန်းတည်ရှိရာကျွန်းသို့ အမျိုးသားတစ်ဦး၏ရုပ်အလောင်း မျောပါလာသည့်ဖြစ်ရပ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရီသီယာအမည်ရှိ အပန်းဖြေစခန်းတည်ရှိရာကျွန်း၌ ဒေးဗစ်ဘက်ခမ်း၊ ၎င်း၏ဇနီး ဗစ်တိုရီးယားနှင့် ရင်သွေးကလေး လေးဦးတို့ ဆက်လက်တည်းခိုနေကြဆဲဖြစ်ကြောင်း၊ အဆိုပါကျွန်းမှာပင် နှစ်သစ်ကူးနေ့အကြိုညက မီးရှူးမီးပန်းဂိုဒေါင်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**



ဆီးဂိမ်းပြိုင်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဟိုတယ်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ကျွေးမွေးဧည့်ခံရေးလုပ်ငန်းတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဟိုတယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ခရီးသွားရာသီ ဧည့်သည်အများဆုံးလာရောက်သည့်အချိန်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့၌ ကျင်းပခဲ့ရာ ဟိုတယ်များအနေဖြင့် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံရေးလုပ်ငန်းတာဝန်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်ပွဲများနှင့် (၂၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သဖြင့် ဟိုတယ်များအနေဖြင့် ယခုကဲ့သို့ပင် ပူးပေါင်းကူညီလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ဇုန်ရှိ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံရေးလုပ်ငန်းတာဝန်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည့် ဟိုတယ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာဇုန်အလိုက် တာဝန်ခံများအား ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဒေါက်တာစိုင်းကျော်အုန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဟိုတယ်ဇုန်များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Facebook ပုံတုပွားခြင်းအတွက် အသိပေးချက်

ကြေးမုံသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် www.facebook.com/themirrordaily ဟူ၍ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် The Mirror Established in 1957 ၁၉၅၇ ဧပြီတွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့်နေ့စဉ်ထုတ် ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာသော သတင်းနှင့်ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ်တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၁၂၇၁ နှင့် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ likes လုပ်သူ ၂၂၇၃၈ ဦးရှိခဲ့ပါသည်။ ထို့အပြင် ကြေးမုံသတင်းစာ၏ အမှတ်တံဆိပ် Logo ကို နိုဝင်ဘာလ ၂၈ ရက်နေ့မှစတင်၍ နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ ကြေးမုံ The Mirror Daily ESTABLISH 1957 ဖြင့် အသစ်ပြောင်းလဲအသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် ကြေးမုံ facebook နှင့် ဆင်တူယိုးမှား facebook အတုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့မှစတင်၍ အွန်လိုင်းပေါ်တွင် ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင်တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကြေးမုံသတင်းစာတိုက်နောက်ခံပါရှိသော ကြေးမုံ facebook မှာ တရားဝင်အစစ်အမှန်မူပိုင် facebook ဖြစ်ပြီး အကောင့်အသစ်ဖြင့် ကြေးမုံသတင်းစာ facebook နှင့် ဆင်တူယိုးမှားပြုလုပ်နေသော facebook မှာ အတုဖြစ်ပါကြောင်းနှင့် စာဖတ်ပရိသတ်များအနေဖြင့် အတုနှင့်အစစ်မှ သတင်းများတင်ပြနေမှုကို ခွဲခြားသိရှိနိုင်ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

facebook အတုဖြင့် သတင်းတင်နေသူများအနေဖြင့် အမြန်ဆုံးပိတ်သိမ်းဆောင်ရွက်သွားပါရန် အသိပေးအပ်ပါသည်။

အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ၂၀၁၄ ခုနှစ်အတွင်း (၆၂)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးကို ပထမဦးဆုံး အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ နေပြည်တော်ရှိ အမရာဟိုတယ်၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဘာသာရပ် တာဝန်ခံအရာရှိ ၅၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်မည့် အခြေပြစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ခွင့်မပြုနိုင်သော စာရင်းများ ပြင်ဆင်ခြင်းနှင့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီသည် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၊ လွယ်ကူချောမွေ့ခြင်း၊ ဖြေလျှော့ခြင်းများ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်စီးဝင်ရေးကို ဆောင်ရွက်နေပြီး အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်ကြီးကြပ်အကောင်အထည်ဖော်နေသည့် ကော်မတီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျူးဘားနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

KBZ တိုက်ကြီးဘဏ်ခွဲစတင်ဖွင့်လှစ်

တိုက်ကြီး ဒီဇင်ဘာ ၃၁

ကမ္ဘောဇဘဏ်လီမိတက်၏ (၁၃၄) ခုမြောက် ဘဏ်ခွဲဖြစ်သော တိုက်ကြီးဘဏ်ခွဲကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အမှတ်(၂၀၉) ရန်ကုန်-ပြည်လမ်းမကြီး ဘူတာရပ်ကွက်တွင် ဒီဇင်ဘာ ၃၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ၊ ချေးငွေများ၊ ငွေလွှဲခြင်း၊ ငွေပေးအမိန့်လက်မှတ်များ ရောင်းချလဲလှယ်ပေးခြင်း၊ဘဏ်အာမခံအမျိုးမျိုး၊ ဘဏ်အာမခံချက်လက်မှတ်များ၊ Gift Cheque ဝန်ဆောင်မှုများနှင့် အခြားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သီဟထွန်း)

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု (၁)

ဒေါက်တာသက်နိုင်
(ရန်ကုန်တက္ကသိုလ်)

ဒီမိုကရေစီခေတ် မြန်မာနိုင်ငံပညာရေးစနစ် ပြုပြင်ပြောင်းလဲကြတော့မယ်ဆိုတော့ ဘယ်လိုပြောင်းလဲကြမလဲဆိုတဲ့ မေးခွန်းကို ဖြေရှင်းကြဖို့ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်က နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကိုယ်တိုင်လမ်းညွှန်ခဲ့တယ်လို့ သိလိုက်ရပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လမ်းညွှန်ပြီဆိုကတည်းက ယခင်ခေတ်၊ ယခင်စနစ်တွေတုန်းကလို ပညာရပ်ဝန်းနယ်ပယ်ကျဉ်းကျဉ်းလေးအတွင်းမှာပင် ဆွေးနွေးတိုင်ပင်၊ အကြံဉာဏ်ယူ၊ ဆုံးဖြတ်၊ အတည်ပြုသည့်ပုံစံမျိုးလောက်နဲ့တင် ပြောင်းမှာမဟုတ်တာကိုတော့ ရိပ်မိလိုက်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက အရင်ဦးဆုံးလူထုလူတန်းစားပညာရှင်အဖွဲ့အစည်းအသီးသီးပါဝင်တဲ့ မြန်မာ့ပညာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ရမယ်လို့ လမ်းညွှန်ခဲ့တယ်ဆိုတော့ ဘယ်လိုများဖွဲ့စည်းဆောင်ရွက်ကြမှာလဲဆိုတာကို သိချင်လာပါတယ်။ လူထုလူတန်းစား ပညာရှင်အဖွဲ့အစည်းအသီးသီးပါဝင်တဲ့ ပညာရှင်တွေရဲ့အကြံဉာဏ်တွေကို ပေါင်းစပ်စုစည်းကာလတ်တလောဆောင်ရွက်ရမယ့် အစီအစဉ်တွေ၊ ရေရှည်ဆောင်ရွက်ရမယ့် အစီအစဉ်တွေကို ရေးဆွဲဆောင်ရွက်ရမယ်လို့ဆိုတော့လည်း ဘယ်လိုရေးဆွဲကြမှာလဲ။ ဘယ်လိုဆောင်ရွက်ကြမှာလဲဆိုတာကို သတိထားကြည့်မိပါတယ်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တုန်းက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ ကျင်းပခဲ့တဲ့ ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်များ၊ ရုပ်မြင်သံကြားတွေ့ဆုံပွဲမှာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဒီကနေ့ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ဆစ်ချိုးအကွေ့ရဲ့ သမိုင်းမှတ်တိုင်စိုက်ထူရမယ့်နေ့ဖြစ်ကြောင်း၊ မိဘပြည်သူတွေလိုလားတောင့်တနေတဲ့ နိုင်ငံတကာအဆင့်မီပညာရေးစနစ်ကိုဦးတည်ဖို့ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုစတင်ခဲ့တာဟာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက် ဒီမိုကရေစီ နိုင်ငံတော်အစိုးရသစ်စတင်တာဝန်ယူခဲ့တဲ့နေ့ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ကြောင်းတွေကိုပြောပြနေတော့ ဒီတစ်ခါ အမှန်တကယ် ပြောင်းပြီလို့ စိတ်ထဲကမှတ်ချက်ချမိပါတယ်။

ဒီမိုကရေစီနိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့တဲ့နေ့မှာပဲ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတကြီးမိန့်ကြားခဲ့တဲ့ မိန့်ခွန်းမှာ လမ်းညွှန်ချက် (၁၀)ချက် လမ်းညွှန်သွားတာကို ပြန်လည်မြင်ယောင်မိပါတယ်။ အဲဒီလမ်းညွှန်ချက်တွေနဲ့အညီ ပညာရေးပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ကျင်းပခဲ့တာကို တွေ့ရပါတယ်။ ဆွေးနွေးပွဲအသီးသီး၊ ပြင်ပပညာရှင်တွေ၊ ကျွမ်းကျင်ပညာရှင်တွေ၊ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပညာရှင်ဆရာကြီးတွေ၊ တက္ကသိုလ်အသီးသီးက ပါမောက္ခဆရာ ဆရာမတွေအမြောက်အမြားပါဝင်နေတာကိုတွေ့ရတော့ ဟုတ်ပြီလို့မဆိုနိုင်သေးတာတောင်မှ ဟုတ်တော့မယ်လို့တော့ တစ်ထစ်ချယုံကြည်နေမိပါတယ်။

ဟုတ်တော့မယ်လို့ဆိုရခြင်းမှာ နိုင်ငံတော်အစိုးရဝန်ကြီးဌာနအဆင့်၊ ကျွမ်းကျင်ပညာရှင်တွေ၊ အငြိမ်းစားပညာရှင်တွေ ၁၉ ဦးမှ ၂၃ ဦးထိ ပါဝင်ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ဝန်ကြီးဌာနရုံးမှာ နှစ်ကြိမ်၊ ကျွမ်းကျင်ပညာရှင်တွေ၊ အငြိမ်းစားပညာရှင်တွေ ၅၄ ဦးပါဝင်တဲ့ ဆွေးနွေးပွဲကတစ်ကြိမ်၊ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ကျင်းပခဲ့တဲ့ အထက်မြန်မာပြည် ပြည်နယ်၊ တိုင်းဒေသကြီးတွေက လူမှုရေးဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပါမောက္ခချုပ်တွေ စုစုပေါင်းအင်အား ၁၀၀ ခန့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြတဲ့ မန္တလေးတိုင်းဒေသကြီး ဒေသန္တရအဆင့်ဆွေးနွေးပွဲကတစ်ကြိမ်၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာကျင်းပခဲ့တဲ့ အောက်မြန်မာပြည် ပြည်နယ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပညာရှင်အဖွဲ့ (၄)ဖွဲ့နဲ့ ဘာသာရပ်ဆိုင်ရာ ပါမောက္ခတွေ စုစုပေါင်းအင်အား ၁၇၀ နီးပါးမျှပါဝင် ဆွေးနွေးတဲ့ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရအဆင့်ဆွေးနွေးပွဲက တစ်ကြိမ်၊ နေပြည်တော်ရှိ ဝန်ကြီးရုံးမှာ ကျင်းပခဲ့တဲ့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ အငြိမ်းစား ပညာရှင်တွေ၊ ဝန်ကြီးဌာနအချို့က ညွှန်ကြားရေးမှူးချုပ်တွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တွေ၊ တက္ကသိုလ်ပေါင်းစုံက ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်တွေနဲ့ ပါမောက္ခတွေ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ၊ အင်အား ၁၃၀ နီးပါးပါဝင်တဲ့ မြန်မာနိုင်ငံ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲက တစ်ကြိမ်နဲ့ဆိုလို့ရှိရင် ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ခြောက်ကြိမ် ပွင့်လင်းမြင်သာတဲ့ ဆွေးနွေးပွဲတွေမှာ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြတာကိုသိရတော့ ဒီတစ်ခါ အင်နဲ့အားနဲ့ တကယ်လုပ်နေပြီဆိုတာ မြင်သာပါတယ်။

ပွင့်လင်းမြင်သာတဲ့ အဆင့်ဆင့်ဆွေးနွေးပွဲ ခြောက်ကြိမ်မှ ရရှိလာခဲ့တဲ့ အကြံပြုချက်တွေကိုမူတည်ကာ အခြေခံပညာကဏ္ဍမှာ လုပ်ငန်းစဉ် (၁၂)ရပ် အဆင့်မြင့်ပညာကဏ္ဍမှာ လုပ်ငန်းစဉ်(၁၃)ရပ် ချမှတ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲ့ဒီလိုချမှတ်ခဲ့တဲ့အတိုင်း မြန်မာနိုင်ငံဒေသအသီးသီးက တက္ကသိုလ်၊ ကောလိပ်တွေမှာ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဆိုတော့ မြန်မာနိုင်ငံပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုဟာ တည်ငြိမ်မှန်ကန်လာနိုင်တယ်လို့ တွေးဆထားလို့ ရနိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် ယခင်ခေတ်အဆက်ဆက် အစိုးရတွေတုန်းကလို မြန်မာပညာရေးမူဝါဒရေးဆွဲချမှတ်ရာတွင် တာဝန်ရှိသူအချို့နှင့် ပညာရှင်လူတစ်စုရဲ့ အကြံဉာဏ်လောက်နဲ့တင်မဟုတ်တော့ဘဲ ဒီတစ်ခါမှာတော့ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးကပါ ပါဝင်ဆွေးနွေးညှိနှိုင်းပြီး ကျေနပ်လောက်မှ အများရဲ့ဆန္ဒသဘောထားကိုခံယူကာ ပညာရေးမူဝါဒတွေကို ပြောင်းလဲနေပြီဆိုတာ ပေါ်လွင်နေလို့ ဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီး၊ ပညာရှင်အသီးသီးက တစ်ဦးချင်းစီပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းအလိုက်ပဲဖြစ်ဖြစ်၊ အလုပ်သမားအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ တက္ကသိုလ်ဆရာ ဆရာမတွေရဲ့ ဆန္ဒနဲ့ အကြံပြုချက်တွေကို မူတည်အလေးထားစုစည်းဆောင်ရွက်နေတဲ့အတွက် ဒီတစ်ခါတော့ အတွေးထဲမှာပဲ ပြောင်းခွင့်ရနေခဲ့ရတဲ့ ပညာရေးစနစ်မှ အမှန်တကယ်လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ် စတင်လျှောက်လှမ်းနေပြီဆိုတာ ယုံကြည်နေမိရင်း အနာဂတ်မြန်မာနိုင်ငံပညာရေးစနစ် နိုင်ငံတကာအဆင့်မီ ဘယ်လိုဖြစ်ပေါ်လာမလဲဆိုတာကိုတွေးဆကြည့်ရင်း ကျရာနေရာက ပါဝင်ဖို့စောင့်ကြိုနေမိပါတယ်။ ။

> **"ဒီတစ်ခါမှာတော့ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးကပါ ပါဝင်ဆွေးနွေးညှိနှိုင်းပြီး ကျေနပ်လောက်မှ အများရဲ့ဆန္ဒသဘောထားကိုခံယူကာ ပညာရေးမူဝါဒတွေကို ပြောင်းလဲနေပြီဆိုတာ ပေါ်လွင်နေလို့ဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီး၊ ပညာရှင်အသီးသီးက တစ်ဦးချင်းစီပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းအလိုက်ပဲဖြစ်ဖြစ်၊ အလုပ်သမားအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ တက္ကသိုလ်ဆရာ ဆရာမတွေရဲ့ဆန္ဒနဲ့ အကြံပြုချက်တွေကို မူတည်အလေးထားစုစည်းဆောင်ရွက်နေတဲ့အတွက် ဒီတစ်ခါတော့ အတွေးထဲမှာပဲ ပြောင်းခွင့်ရနေခဲ့ရတဲ့ ပညာရေးစနစ်မှ အမှန်တကယ်လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ် စတင်လျှောက်လှမ်းနေပြီဆိုတာ ယုံကြည်နေမိရင်း အနာဂတ်မြန်မာနိုင်ငံပညာရေးစနစ် နိုင်ငံတကာအဆင့်မီ ဘယ်လိုဖြစ်ပေါ်လာမလဲဆိုတာကို တွေးဆကြည့်ရင်း ကျရာနေရာက ပါဝင်ဖို့စောင့်ကြိုနေမိပါတယ်။"**

အမကလွန်ကျောင်းအတွက် ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်း

တီးတိန် ဒီဇင်ဘာ ၃၁

ကျေးရွာနေ ကျောင်းသားကျောင်းသူများ၏ပညာရည်မြင့်မားရေး၊ နောက်ဆုံးပေါ်ခေတ်မီနည်းပညာများကို လူငယ်များလက်လှမ်းမီပြီး ခေတ်နှင့်အမီလိုက်နိုင်ရေး ရည်ရွယ်၍ အမေရိကန်နိုင်ငံရောက် တွီးဒီးလ်ကျေးရွာဖွား မောင်စတီဗင်ရှင်းက ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့နယ် တွီးဒီးလ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တွီးဒီးလ်ကျေးရွာတာဝန်ခံ ဦးလာလ်ဒိန်လျန်က အမှာစကားပြောကြားပြီး အလှူရှင်ကိုယ်စား ဦးတွာလ်ဆွင်းဗန်က စာသင်ကျောင်းအတွက် ကွန်ပျူတာလှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ် တွီးဒီးလ်ကျေးရွာတွင် အိမ်ခြေ ၆၄ လုံး၊ လူဦးရေ ၄၆၈ ဦးရှိပြီး မူလတန်းလွန်ကျောင်းတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၀ ပညာသင်ကြားလျက်ရှိကာ ဆရာ ဆရာမ ငါးဦးက ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဇိုဟေဆာ(iprd)

မီးသတ်ရေကန်အသုံးပြု၍ ရစေချင်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ရပ်ကွက် ဦးချစ်မောင်လမ်းနှင့် မှန်ရဝေလမ်းဆုံအနီး ရေဂါလန် ၁၂၀၀ ခန့်ဆံ့သည့် အရေးပေါ်မီးငြိမ်းသတ်ရန် အုတ်ရေကန်တစ်ခုရှိရာ စည်းကမ်းမဲ့လမ်းဘေးဈေးသည်များက ကာရံပိတ်ဆို့ထားသဖြင့် အသုံးပြု၍မရဘဲရှိနေသည်။

ယခုအခါပွင့်လင်းရာသီနှင့် ပူပြင်းသောရာသီရောက်ရှိပြီဖြစ်သဖြင့် အဆိုပါ မီးသတ်ရေကန်အား အရေးပေါ်အခြေအနေများ၌ အလွယ်တကူအသုံးပြုနိုင်ရန်နှင့် ရပ်ကွက်အကျိုးအတွက် ရေးသားတင်ပြလိုက်ရပါသည်။

(၁၉၇)

သရက်မြို့နယ်မှ ငါးခူအိုင်ရေနံမှော် ရေနံထွက်အားကောင်း

မကွေး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီအနောက်ဘက်ကမ်းဒေသများဖြစ်သည့် သရက်၊ မင်းလှ၊ မင်းဘူးနှင့် ငဖဲမြို့နယ်များရှိ ပုဂ္ဂလိကလက်တူးတွင်းများတွင် အလုပ်လုပ်ကြသောရေနံလုပ်သားများနှင့် တွင်းပိုင်ရှင်များသည် ရေနံထွက်ရှိမှုအပေါ် မူတည်၍ အထိုက်အလျောက်စီးပွားရေး ချောင်လည်လျက်ရှိကြောင်း သိရသည်။

ယခု ရေနံထွက်အားကောင်းသော ရေနံမှော်တစ်ခုမှာ သရက်မြို့အတွင်းရှိ ငလှိုင်ချုံကျေးရွာအနီး ငါးခူအိုင်ရေနံမှော်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ရေနံမှော်သို့ ယခုအခါ ဒေသအသီးသီးမှ ရေနံလာရောက်တူးသူများ၊ ဈေးလာရောက်ရောင်းချသူများ၊ စားသောက်ဆိုင်များ၊ ရေနံခပ်သူများ၊ ဂျာနယ်ရောင်းချသူများနှင့် စည်ကားလျက်ရှိသည်။ ငါးခူအိုင်ရေနံမှော်တွင် ရေနံကျင်းပေါင်း ၁၀၀ ကျော်ရှိပြီး တူးသည့်ကျင်းတိုင်း တစ်နေ့ ရေနံပီပါ ငါးပီပါမှ ၁၀ ပီပါအထိ ပုံမှန်ထွက်လျက်ရှိသည်။

"ဒီရေနံမှော်မှာ ရေနံတူးဖို့မြေတစ်နေရာကို ၁၅ သိန်းပေးဝယ်ရတယ်၊ စက်ငှားရမ်းခက သိန်း ၂၀၊ သံပိုက် ၁၅ သိန်း၊ အင်ဂျင်၊ ကလပ်ခုံ၊ ကြိုး ၁၅ သိန်းနဲ့အခြားအထွေထွေ ရေနံလုပ်အားခအပါအဝင် စုစုပေါင်းသိန်း ၇၀ လောက်ရင်းနှီးရပါတယ်"ဟု မကွေးမြို့မှ ငါးခူအိုင်ရေနံမှော်သို့ သွားရောက်ရေနံတူးသူ ဦးသန်းမောင်က ပြောသည်။

ယခုအခါ ငါးခူအိုင်ရေနံမှော်တွင် ရေနံခပ်လုပ်သားများသည် ၂၄ နာရီ နေ့ဆိုင်းညဆိုင်းခွဲ၍ ခပ်ကြရပြီး ရေနံခပ်ခမှာ တစ်ပီပါလျှင် ကျပ် ၁၀၀၀၀ ပေးရကြောင်း သိရသည်။

(မကွေးလှမြင့်)

ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာလူနာများအား ခွဲစိတ်ကုသ

ညောင်ဦး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာမိုးသူဇာ ဦးဆောင်သော German Interplast အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်မှစတင်၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် မီးလောင်ဒဏ်ရာလူနာများကို အခမဲ့ခွဲစိတ်ကုသမှုအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုပြုလုပ်မည့် လူနာများ၏ နေထိုင်စားသောက်မှုနှင့် ဆေးဖိုးဝါးခအဆင်ပြေစေရေးအတွက် အမှတ်(၇)ရပ်ကွက် ဝက်ကြီးအင်းရပ်နေ ပုဂံဆည်းဆာစားသောက်ဆိုင်ပိုင်ရှင် ဦးအောင်ညွှန့်နှင့်ဇနီး ဒေါ်မြင့်မြင့်ခင်မိသားစုတို့က နေ့စဉ်တာဝန်ယူကုသိုလ်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လူနာများခွဲစိတ်ကုသမှုကို ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လူနာများအပြင် ချောက်၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မလှိုင်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံနှင့် မုံရွာမြို့များမှ လူနာစုစုပေါင်း ၂၀၀ ကျော်လာရောက်ကုသမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ကောင်းကျိုးလိုရာ ပြည့်စုံပါစေ" တရားတော်(ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၅၆)
၇း၁၅	မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ " ပန်းနုသွေး" (အပိုင်း-၃၆)
၈း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၃၉)
၉း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၇)

❒ ဖွဲ့စည်းပုံမှ

၂။ သတင်းထုတ်ပြန်ချက်အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ၁၆း၃၀ နာရီအထိ အကြံပြုချက်စောင်ရေ စုစုပေါင်း ၂၈၂၄၇ စောင်ရရှိခဲ့ပါသည်။

၃။ သို့ပါ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အခန်းလိုက် အကြံပြုချက်များကို ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များမှ အောက်ပါအတိုင်းလက်ခံရရှိခဲ့ပါသည်-

(က) အခန်း(၁)တွင် အကြံပြုချက် (၁၄၀၆၂၄)ချက်၊
(ခ) အခန်း(၂)တွင် အကြံပြုချက် (၁၀၀)ချက်၊
(ဂ) အခန်း(၃)တွင် အကြံပြုချက် (၃၃၆၉)ချက်၊
(ဃ) အခန်း(၄)တွင် အကြံပြုချက် (၂၄၃၉၈)ချက်၊
(င) အခန်း(၅)တွင် အကြံပြုချက် (၁၀၇၈၃)ချက်၊
(စ) အခန်း(၆)တွင် အကြံပြုချက် (၄၆၉)ချက်၊
(ဆ) အခန်း(၇)တွင် အကြံပြုချက် (၇၂၄၂)ချက်၊
(ဇ) အခန်း(၈)တွင် အကြံပြုချက် (၂၀၇၇)ချက်၊
(ဈ) အခန်း(၉)တွင် အကြံပြုချက် (၂၁၃)ချက်၊
(ည) အခန်း(၁၀)တွင် အကြံပြုချက် (၄၃)ချက်၊
(ဋ) အခန်း(၁၁)တွင် အကြံပြုချက် (၃၃၈)ချက်၊
(ဌ) အခန်း(၁၂)တွင် အကြံပြုချက်(၁၀၅၂၃၃)ချက်၊
(ဍ) အခန်း(၁၃)တွင် အကြံပြုချက်(၂၉)ချက်၊
(ဎ) အခန်း(၁၄)တွင် အကြံပြုချက် (၅၉)ချက်၊
(ဏ) အခန်း(၁၅)တွင် အကြံပြုချက်(၂၆)ချက်၊
(တ) ဇယား(၁)တွင် အကြံပြုချက်(၈၁)ချက်၊
(ထ) ဇယား(၂)တွင် အကြံပြုချက်(၇၈)ချက်၊
(ဒ) ဇယား(၃)တွင် အကြံပြုချက်(၁၁)ချက်၊
(ဓ) ဇယား (၄)တွင် အကြံပြုချက် (၅)ချက်၊
(န) ဇယား(၅)တွင် အကြံပြုချက် (၂၆)ချက်၊
(ပ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပေးရန် သီးသန့်အကြံပြုထားသော အကြံပြုချက်/စောင်ရေ(၂၇၉၀၆)ချက်

၄။ စုစုပေါင်းအကြံပြုချက် (၃၂၃၁၁၀) ချက်ရရှိခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ

✪ ကျောဖုံးမှ

အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃)ဖြင့် အစိုးရအဖွဲ့အစည်းများမှ (၆)ဦး၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ(၇)ဦး၊ နိုင်ငံရေးပါတီများမှ(၆)ဦး စုစုပေါင်းအဖွဲ့ဝင်(၁၉)ဦးဖြင့် ကော်မတီအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးအား မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စတင်ကျင်းပညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ဒုတိယအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ပင် ထပ်မံကျင်းပပြီး အဖွဲ့ဝင်များ၏ သဘောတူညီထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ ၈၇ ဦးအား တင်ပြပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေခဲ့ပါသည်။

၄။ စိစစ်ရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကော်မတီဝင်များ၏ ထောက်ခံချက်များအရ အကျဉ်းသား/အကျဉ်းသူ (၂၃) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၅။ စတုတ္ထအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ (၇၃)ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေခဲ့ပါသည်။

၆။ ပဥ္စမအကြိမ် အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်လည်းကောင်းကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် အကျဉ်းသား(၅၆)ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၇။ သတ္တမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ အဋ္ဌမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ နဝမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ(၆၉)ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၈။ ဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဧကာဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ (၄၀)ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေခဲ့ပါသည်။

၉။ ဒွါဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အကျဉ်းသား(၅)ဦးအားတင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၁၀။ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီအား အဖွဲ့ဝင်ပေါင်း (၁၉)ဦးဖြင့်ဖွဲ့စည်း၍ လက်ကျန်နိုင်ငံရေးအကျဉ်းသားများအား စိစစ်ရွေးချယ်စေခဲ့ရာတွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ စုစုပေါင်း (၁၂) ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အကျဉ်းသား/အကျဉ်းသူ (၃၅၄)ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးအတွက် နိုင်ငံတော်သမ္မတထံသို့ တင်ပြဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၁။ ထို့အပြင်အခြားပြစ်မှုများနှင့်ငြိစွန်းသူများအတွက် နိုင်ငံရေးနှင့်သက်ဆိုင်သည်ဟုယူဆရသော ပြစ်မှုများ ပယ်ဖျက်နိုင်စေရန် နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ်(၅၁/၂၀၁၃) ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ အကျဉ်းဦးစီးဌာနအောက်ရှိစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်သည် အကျဉ်းဦးစီးဌာနအောက်ရှိ တွံတေးမြို့နယ် ရွှေသူဌေး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်အေးသန်းသည် တွံတေးမြို့နယ် တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် တွံတေးမြို့နယ် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစခန်း (ရန်ကုန်)သို့လည်းကောင်း ဒီဇင်ဘာ ၃၀ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများသည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများရှိ အကျဉ်းသားလုပ်အားရှင်များ၊ အမျိုးသမီးများစောင့်ရှောက်ရေးစခန်းမှ အကျဉ်းသူများအား ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးတွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများဝမ်းမြောက်ပျော်ရွှင်

ရန်ကုန် ဒီဇင်ဘာ ၃၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသော နိုင်ငံတော်၏ မေတ္တာစေတနာကို နားလည်ပြီး နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံရေးပုဒ်မများဖြင့် ပြစ်ဒဏ်ကျခံနေရသူများနှင့် စုံစမ်းအရေးယူဆဲ ခံနေရသူများအား နိုင်ငံတော်သမ္မတရုံး (အမိန့်အမှတ်၊ ၅၁/၂၀၁၃)ဖြင့် ဒီဇင်ဘာ ၃၀ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အင်းစိန်ဗဟိုအကျဉ်းထောင်မှ နံနက် ၁၀ နာရီခွဲတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈ ဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး လွတ်မြောက်လာသော အောင်မင်းနိုင်(ခ) မီးသွေးနှင့်ရန်နိုင်ထွန်း**(အောက်ပုံ)**တို့က "ထောင်ကလွတ်မယ်ဆိုတာ ဒီနေ့ နံနက် ၆ နာရီခွဲလောက်မှ သိရတာပါ။ ကျွန်တော်တို့ကို နိုင်ငံရေးအကျဉ်းသားတွေထားတဲ့ သီးသန့်အဆောင်မှာထားပြီး အစားအသောက်နဲ့ ကျန်းမာရေးကအစ ပြောစရာမရှိအောင် စီစဉ်ပေးပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးတဲ့ နိုင်ငံတော်သမ္မတကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ အခုလို လွတ်မြောက်လာတဲ့အတွက် အရမ်းဝမ်းသာပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲ ၁၂ နာရီခွဲတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည့် တင်ထွဋ်ပိုင်ကလည်း "ထောင်ကျတဲ့ ပုဒ်မကတော့ ၅၀၅ (ခ) နဲ့ ထောင် သုံးလ ကျခဲ့ပါတယ်။ ဒီနေ့ လွတ်မြောက်လာတဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးတင်ပါတယ်။ ထောင်ထဲမှာနေရထိုင်ရတာ အားလုံးအဆင်ပြေပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံချက်အက်ဥပဒေ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၅/ဇ) ဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံရသူ ကိုမောင်မောင်သန်းက"ထောင်က အရင်ကနဲ့ မတူတော့ဘူး။ အရမ်းကောင်းသွားပါပြီ။ အခုလို လွတ်မြောက်လာတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ထောင်ထဲမှာ နေရတာ ၂၃ လနဲ့ ခြောက်ရက် နေထိုင်ခဲ့ရပါတယ်" ဟု ပြောသည်။

ထို့အပြင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ)ဖြင့် ထောင်ဒဏ် တစ်နှစ်ကျခံရသည့် ဦးဝင်းရွှေကလည်း "အခုအသက်က (၅၃)နှစ်ရှိပါပြီ။ ကျန်းမာရေးလည်းမကောင်းပါဘူး။ ထောင်ထဲမှာနေရတာ အစစအရာရာ အဆင်ပြေပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ လွတ်မယ်ဆိုတာ မနက်မှ သိရတာပါ။ ထောင်ထဲမှာ တစ်လပဲနေလိုက်ရပါတယ်။ အကျဉ်းသားတွေကို အကောင်းဆုံး လုပ်ပေးနေပါတယ်" ဟု ပြောပြသည်။ နံနက်ပိုင်းက လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ရာ၌ မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသားတစ်ဦးလည်း ပါဝင်လွတ်မြောက်ခဲ့သည်။

အဆိုပါ အကျဉ်းသားမှာ ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် နေထိုင်သူ ရှမ်းဘုတ် (ခ)စန်းထွေး (၃၆)နှစ်ဖြစ်ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စုစုပေါင်းပြစ်ဒဏ် (လွတ်ရန်မရှိ)သတ်မှတ်ခံရပြီးမှ ယခု လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

လွတ်မြောက်လာသူ ရှမ်းဘုတ်(ခ) စန်းထွေးတွင် ကားစပါယ်ယာ အလုပ်ကိုလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းကြောင်း၊ လွတ်မြောက်မည်ကို ထင်မှတ်ထားခြင်းမရှိဘဲ ယနေ့နံနက်မှ သိရပြီး အတိုင်းမသိဝမ်းမြောက်ပျော်ရွှင်ရကြောင်း၊ သမ္မတကြီး၏သဘောထားကြီးမှုအပေါ် အထူးပဲ ကျေးဇူးတင်ပါကြောင်းနှင့် မိမိနေရပ်သို့ပြန်ကာ မိသားစုနှင့်အတူ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောပြသည်။

(၆၉၄)

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု

စန်းနီလာဝင်း

လွတ်လပ်သောနိုင်ငံတော်၊ လွတ်လပ်သည့်နိုင်ငံသား

မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသည့် စိတ်၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ပင်ဖြစ်သည်။ တစ်နည်းဆိုရပါလျှင် အမျိုးမာန်၊ ဇာတိမာန်ကိုမစွန့်ချင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာတို့သည် ထိုစိတ်ဓာတ်ကိုမစွန့်လွှတ်ခဲ့သဖြင့် ယနေ့တိုင်အောင် အမျိုးကိုချစ်သည့်၊ စောင့်ရှောက်သည့် မြန်မာဟူ၍ညွှန်ပြနိုင်သော အခြေအနေပေါ်တွင် ရပ်တည်နေနိုင်ခြင်းပင်ဖြစ်သည်။

မြန်မာတို့သည် ကိုယ့်ယဉ်ကျေးမှုကိုမမြတ်နိုး၊ ကိုယ့်အမျိုးကိုဂုဏ်ယူရကောင်းမှန်းမသိ၊ ဇာတိမာန်ဟူသည်ကို နားမလည်ပါက မိမိအမျိုးကိုမိမိ အထင်အမြင်သေးလာပြီး တိုင်းတစ်ပါးသားတို့အပေါ် အထင်ကြီးအားကိုးသည့် စိတ်ဓာတ်များပေါ်ပေါက်လာပေမည်။ ထိုသို့ဖြစ်ပါက တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝသို့ပြန်လည်ရောက်ရှိ သွားနိုင်သည်။

စာရေးသူတို့၏ အမိမြန်မာပြည်သည် သူ့ကျွန်အဖြစ်နှွံနစ်ခဲ့ရသော နိုင်ငံဖြစ်ခဲ့ခြင်းကြောင့် ---

“ထီးသုဉ်းနန်းသုဉ်း၊ ကြငှန်းသုဉ်းနှင့်
မြို့သုဉ်းသုည၊ သုဉ်းသုံးဝနှင့်
သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်
လူဖြစ်ရလေ၊ တို့တစ်တွေသည်
သေသော်မှတည့်၊ ဩော်-ကောင်း၏” ဟူသော ဆီးဘန်းနီဆရာတော်

အရှင်နရိန္ဒ၏ သူ့ကျွန်ဘဝသရုပ်ဖော်လင်္ကာကဲ့သို့ ကျွန်သက်တမ်း ၁၂၄ နှစ်ကာလတိုင်အောင် နေထိုင်ခဲ့ကြရသည့် တိုင်းရင်းသားပြည်သူအပေါင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနိဋ္ဌာရုံဘဝအစုံစုံတို့သည် သေသည်နှင့် မခြားရှိခဲ့ကြရသည်။

ပို၍ဆိုးရွားခဲ့သည်မှာ မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ထားသည့် အိန္ဒိယနိုင်ငံ၏ ထပ်ဆင့်လက်အောက်ခံနိုင်ငံတစ်နိုင်ငံအဖြစ် (သို့မဟုတ်)အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်နယ်အဖြစ် နယ်ချဲ့တို့က ရက်စက်ယုတ်မာစွာ သွတ်သွင်းထားခဲ့သဖြင့် ကျွန်ဘဝ၌သာမဟုတ်ဘဲ ကျွန်ထက်နိမ့်ကျလှသည့် ကျွန်သပေါက်ဘဝသို့ မရှုမလှ ကျရောက်ခဲ့ရသည်။

၁၈၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် မြန်မာဘုရင်က အင်္ဂလိပ်နယ်ချဲ့တို့အား အာသံနယ်၊ ရခိုင်၊ တနင်္သာရီတို့ကို ပေးအပ်လိုက်ရတော့သည်။

တစ်ဖန် ၁၈၅၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင်လည်း အောက်မြန်မာပြည်တစ်ခုလုံး(ရခိုင်နယ်စပ်မှ အရှေ့ဘက်သံလွင်မြစ်အထိ မြောက်လတ္တီတွဒ်မျဉ်း ၁၉½ ဒီဂရီမျဉ်းကြောင်းမှ အောက်မြန်မာပြည်တစ်ခုလုံး)ကို မြန်မာဘုရင်က အင်္ဂလိပ်နယ်ချဲ့တို့အား ပေးအပ်ခဲ့ရပြန်သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ် (Prendegurt) ဦးဆောင်သော နယ်ချဲ့အင်္ဂလိပ်စစ်တပ်များသည် စစ်အခမ်းအနားဖြင့် ချီတက်ကာ သီပေါဘုရင်နှင့် စုဖုရားလတ်တို့အား ဖမ်းဆီးခေါ်ဆောင်ပြီး အထက်မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ လုံးလုံးကျရောက်ကာ မြန်မာနိုင်ငံသူနိုင်ငံသား အားလုံး ကျွန်လုံးလုံးဖြစ်ခဲ့ကြရတော့သည်။

နယ်ချဲ့တိုင်းတစ်ပါးသားတို့၏ ဖိနှိပ်ခြယ်လှယ်မှုအောက်တွင် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်မိသားစု၏ အိန္ဒိယရှိ ရတနာသီရိအကျဉ်းစံဘဝကား တွေးလေလေ၊ ဆွေးလေလေ ရင်နာစရာကောင်းလွန်းလှသည့် သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခုပါပေ။ ကိုယ့်ဘုရင်၊ ကိုယ့်အရှင်၏ နယ်ချဲ့အကျဉ်းစံဘဝကို တွေးမိလေတိုင်း မျိုးချစ်စိတ်ဓာတ်အရင်းခံကြောင့် မျက်ရည်ကျမတတ်ခံစားရင်း နယ်ချဲ့တိုင်းတစ်ပါးသားတို့၏ လုပ်ရပ်ဆိုးများကို စိတ်အနာကြီး နာကြည်းမိခဲ့သည်။

သီပေါဘုရင်၊ စုဖုရားလတ်နှင့် သားသမီးများ၊ အထိန်းတော်များကို မြန်မာပြည်မှာထားလျှင် ကိုယ့်ဘုရင်၊ ကိုယ့်အရှင်သခင် လွတ်မြောက်ရေးအတွက် မြန်မာတိုင်းရင်းသားတို့ တော်လှန်ပုန်ကန်မည်ကို ကြိုတင်တွက်ဆထားသော အင်္ဂလိပ်နယ်ချဲ့တို့က အိန္ဒိယနိုင်ငံ ရတနာဂီရိနယ်သို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ထိန်းသိမ်းထားခဲ့သည်။ မြန်မာမင်းဆက် လုံးဝပျက်သုဉ်းသွားအောင် မတရားဖန်တီးဖမ်းဆီးပြီး မြန်မာမျိုးနွယ်ဆက် ပျက်စီးသွားအောင်ပါ ရက်ရက်စက်စက်ပြုမူခဲ့ကြသည်။ သာဓကအားဖြင့် သီပေါဘုရင်နှင့် စုဖုရားလတ်၏ သမီးကြီး အရှင်ထိပ်တင်စုမြတ်ဖုရားကြီးမှာ အိန္ဒိယနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းခဲ့ရသဖြင့် မြန်မာ့မျိုးရိုးတိမ်းပါးပျောက်ကွယ်သွားရပြန်သည်။ ဤဖြစ်ရပ်ဆိုးမှာ မြန်မာတို့အတွက် မမေ့အပ်သော သမိုင်းသင်ခန်းစာတစ်ရပ်ပါပေ။

တစ်ပါးကျွန်ဘဝမှ လွတ်မြောက်အောင် ကြံဆောင်ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း မျိုးချစ်စိတ်ဓာတ်တို့အရင်းခံ၍ ဆောင်ရွက်ခဲ့ကြသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးသမိုင်းနှင့် ယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးတတ်သူများသာ နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ခဲ့ကြသူများဖြစ်ကြသည်။ ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီးအဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာလည်း မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်မှုမရှိပါက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။ မိမိဇာတိ၊ မိမိအမျိုးကို မြတ်နိုးတွယ်တာခြင်း၊ တန်ဖိုးထားခြင်းသည်ပင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ပင် ဖြစ်သည်။ မိမိနိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

မျိုးချစ်စိတ်ခေါင်းပါးသူများသည် တိုင်းတစ်ပါးကို အထင်ကြီးပြီး အမေကျော်၍ ထွေးတော်လွမ်းတတ်ကြသည်။ မျိုးချစ်စိတ်ဓာတ် ခေါင်းပါးကြသူများမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးမထားတတ်ကြသူများဖြစ်၍ နိုင်ငံတော်၏အတွင်းရန်သူများပင်ဖြစ်ကြသည်။ သူတို့သည် မိမိတိုင်းပြည်နှင့် မိမိလူမျိုးပျက်စီးရာပျက်စီးကြောင်း ကြံစည်ကျူးလွန်ရန်လည်း ဝန်မလေးတတ်ကြပါ။ သူခိုးကို ဓားရိုးကမ်းရန်လည်း မနှောင့်နှေးတတ်ကြပါ။ ဇာတ်တူသားစား၍ အမျိုးဖျက်ရန်လည်းဝန်မလေးတတ်ကြပါ။ မြန်မာနိုင်ငံသမိုင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ သူ့ကျွန်ဘဝသည်လည်း မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားနေရေးကို အမြဲတစေထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ပြောပြနေသည့်နိုင်ငံရေးသင်ခန်းစာတစ်ခုပင်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်ကို အရင်းခံခဲ့သောကြောင့် မြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးဟူ၍ တည်ရှိနေခြင်းဖြစ်သည်။ နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာရှည်တည်တံ့ခဲ့သော မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ဓာတ်ရှိသူများ၏ သမိုင်းသာဖြစ်သည်။ မင်းမြတ်အနော်ရထာကအစ ဘုရင့်နောင်အလယ် အလောင်းဘုရားအဆုံး မြန်မာ့သမိုင်းတွင် လက်ရုံးရည်နှလုံးရည်ပြည့်စုံကြသည့် ပုဂ္ဂိုလ်များသည် မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရားကို နှလုံးသွင်းပြီး ကျင့်ကြံအားထုတ်ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြသည်။ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူများဖြစ်ကြသည်။

ပြင်ပဗဟိဒ္ဓအသွင်သဏ္ဌာန်တွင် လူမြင်ကောင်းအောင် မျိုးချစ်စိတ်ရှိသည်ဟု ဆိုနေစေကာမူ သို့မဟုတ် ဟန်ဆောင်သရုပ်ဆောင်ပြနေစေကာမူ အဇ္ဈတ္တနှလုံးသားအတွင်းမနောတွင် မျိုးချစ်စိတ်ဓာတ်မရှိကြသူတို့မှာ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”ကို အလေးမထား၊ အမေကိုကျော်၍ ထွေးတော်ကိုသာမျှော်နေ၊ အထင်ကြီးနေ အားကိုးနေကြမြဲဖြစ်၏။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှန်သမျှတွင် ပြည်သူတို့၏ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရသည့် အစိုးရဖြစ်ခြင်းကြောင့် ထိုအစိုးရသည် အမျိုးသားရေးကို ကျောခိုင်းသော ပြည်ပဩဇာခံရုပ်သေးရုပ်အစိုးရမျိုးမဖြစ်ဖို့ အလွန်အရေးကြီးလွန်းလှပါသည်။

ထိုသို့ ပြည်ပဩဇာခံရုပ်သေးရုပ်အစိုးရမျိုး လုံးဝမပေါ်ပေါက်ရေး၊ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မြန်မာစစ်စစ်ရေမရောသူများ၏ လက်ဝယ်တွင်ပိုင်ဆိုင်ခွင့်ပြုသော တိုင်းပြည်ကိုဦးဆောင်ဦးရွက်ပြုမည့်သူများနှင့် စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ခဲ့ရာ၌ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးပေါ်တွင်သာ အခြေခံလျက် နိုင်ငံခြားသစ္စာခံ၊ လက်အောက်ခံ၊ အမျိုးသားသစ္စာဖောက်များမဖြစ်ပေါ်စေရေးတို့အတွက် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ပြဋ္ဌာန်းချက်အဆိုကို ဤသို့တင်သွင်းခဲ့ပေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး၌ “လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအတွက်ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်အဆို” ကို တင်သွင်းခဲ့ရာတွင်-

“လွတ်လပ်တဲ့နိုင်ငံတော်ဆိုပြီး ဖွဲ့စည်းတည်ထောင်လိုက်ကြတဲ့ နိုင်ငံတော်အသီးသီးရှိကြပေမယ့် အချုပ်အခြာအာဏာနဲ့ ပြည့်စုံတဲ့နိုင်ငံတော် (Sovereign State)၊ အချို့နိုင်ငံတွေကို အဲသည်လိုမဟုတ်ဘဲနဲ့ ပြည်ထောင်အချင်းချင်းဆက်သွယ်တဲ့ နိုင်ငံရေးစကားမှာဆိုလို့ရှိရင်လည်း(Vassal State) လို့အဆိုခံရပါတယ်။ Vassal ဆိုတာတပည့်၊ ကျွန်နိုင်ငံလိုသဘောမျိုးပဲ၊ ကျွန်ဆိုပေမယ့်ကိုလိုနီ(Colony)လည်း မဟုတ်ဘူး။ သူ့ဘာသာသူ သူ့မင်းနဲ့ သူချင်းနဲ့ သူ့အစိုးရနဲ့ပဲ။ အပြင်ပန်းအားဖြင့်တော့ လွတ်လပ်တယ်။ သို့သော်လည်း နိုင်ငံကြီးတစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု၊ ချုပ်ခြယ်မှုကို အထူးတလည်ခံနေရတဲ့ နိုင်ငံဖြစ်လို့(Vassal State)လို့ခေါ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ နိုင်ငံတော်မျိုးရှိပါသေးတယ်။(Buffer State) အဲသည်လိုနိုင်ငံတော်အမျိုးမျိုး လက်တွေ့အားဖြင့် ရှိတယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော်ဆိုလိုချင်တာကတော့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ (Buffer State)မျိုးလို နယ်ခြားနိုင်ငံကလေးမျိုးလည်း မဖြစ်ချင်ဘူး၊ နောက်ပြီးတော့ နိုင်ငံကြီးတစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု အထူးတလည်ခံရတဲ့ (Vassal State) လိုမျိုးလည်းမဖြစ်ချင်ဘူး၊ ကျွန်တော်တို့ဖြစ်ချင်တဲ့ နိုင်ငံကတော့ “ဆန်မရှိစောက်စားကြီး” ပဲ ခေါ်ခေါ် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော်ဖြစ်ချင်တယ်” ဟုတင်သွင်းခဲ့သည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(The Constitution of Union of Burma၊ ၇၄(၁) ၌ “အောက်ပါပုဂ္ဂိုလ်များအား လွှတ်တော်တစ်ရပ်ရပ်၏ အမတ်အဖြစ် ရွေးချယ်ခံရန် လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်အဖြစ် တည်မြဲစေရန်လည်းကောင်း ခွင့်မပြုရ။

နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့တည်းမဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့တည်းမဟုတ် ကိုယ့်အစိုးရနိုင်ငံသားဖြစ်သူ သို့တည်းမဟုတ် ထိုအစိုးရ၏ လက်အောက်ခံဖြစ်သူ လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်းခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ” ဟူ၍ ပြဋ္ဌာန်းထားခဲ့သည်ကို ထင်ရှားစွာ တွေ့ရှိရသည်။ထိုဥပဒေပြဋ္ဌာန်းချက်အရဆိုလျှင် နိုင်ငံ့၏ အကြီးအကဲဖြစ်သူ သမ္မတရာထူးကို မဆိုထားနှင့် လွှတ်တော်အမတ်ပင် ဖြစ်ခွင့်မရသည်ကို ပေါ်လွင်စွာ တွေ့ရှိရမည်ဖြစ်သည်။

စာရေးသူတို့ နိုင်ငံသည် ကျွန်ဖြစ်ခဲ့ရသည့် ကျွန်သက်တမ်း ၁၂၄ နှစ်ကာလတွင် ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်၏ ကျွန်လည်း ဖြစ်ခဲ့ရပါပြီ။ ထိုဖြစ်စဉ်က ဖက်ဆစ်ဂျပန်တို့၏ ကျွန်လည်းဖြစ်ခဲ့ရပါပြီ။ သို့ဖြစ်၍ မိအေးနှစ်ခါနာဖူးခဲ့ရပြီးဖြစ်သောကြောင့် တစ်ခါသေဖူးပျဉ်ဖိုးနားလည်ခဲ့ကြပါသည်။

စစ်မှန်သောမျိုးချစ်စိတ် ရှိကြသူတိုင်းသည် လွတ်လပ်သောနိုင်ငံတော်၊ လွတ်လပ်သော နိုင်ငံသားများအတွက် ကမ္ဘာတည်သရွေ့နေထိုင်သွားလိုကြသည်။ဒီမိုကရေစီကျင့်စဉ်အရ အစိုးရရွေးချယ်သည့်အခါ နှောင်ကြိုးငင်ပြည်ပဩဇာခံ၊ ခြယ်လှယ်ခံရုပ်သေး အစိုးရမျိုးကို လုံးဝမလိုလားကြပါ။ ခြုံ၍ဆိုရပါလျှင် မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ရှိသူများ၏ သမိုင်းသာဖြစ်ရမည်ဖြစ်ပြီး မြန်မာ့သမိုင်း မရိုင်းရလေအောင် မျိုးချစ်စိတ်ရှိကြသူတိုင်း မွေးရာပါအမျိုးသားရေးတာဝန်ခံတစ်ရပ်အဖြစ် အစဉ်ထာဝရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမှသာ ကမ္ဘာတည်သရွေ့ မြန်မာပြည်ကြီး ထာဝရရပ်တည် တည်ရှိနေနိုင်မည်ဖြစ်သည်။ သို့မှသာ လွတ်လပ်သောနိုင်ငံတော်နှင့် လွတ်လပ်သော နိုင်ငံသားဘဝဖြင့် အစဉ်တည်ရှိနေနိုင်မည်ဖြစ်ပါသတည်း။ ။

လွတ်လပ်ပန်းနှင့် ကမ်းဆက်အမွေ

✻ လွတ်လပ်ပန်း လန်းစေရာ
နန်းမြေမှာ သာယာကြောင်း။
နိုင်ငံသူ နိုင်ငံသားတို့
အားသစ်သွန်းလောင်း။

✻ လွတ်လပ်မှု စည်ပင်လို
ပြည်တစ်ခို ပေါင်းစုစည်း။
တစ်လက်တစ်အားရယ်နဲ့
ကြွားဝင့်ခိုင်ဖြိုး။

✻ သက်သွေးစွန့်ရယူလာ
ချုပ်အခြာ ခွင့်အရေး။
ဒို့ပြည်သူ လူ တစ်လုံးသာပ
လမ်းဆုံးဖွင့်ပေး။

✻ ဘိုးဘွားမွေကမ်းသည့်လက်
ပေါင်းယှက်လို့ အားယူ။
မွေထိုက်စေ ဝန်မပန်း
လှမ်းမပျက် မငြူစူ။

✻ အနာဂတ် လမ်းတူရှု။
လှမ်းရည်တူ ပြည်တော်သစ်။
ပြည့်အောင်လံ နဘံလွှင့်ကာပ
မြင့်မားစွာ အနေခံ့ထည်ဖို့
ကမ္ဘာ့အလယ် မျက်နှာပန်းလှ
အားကျဖွယ်ချစ်။ ။

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

(ရာမည-သွေးမွှန်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ အားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်ရောင်းချမည်



နေပြည်တော် ဒီဇင်ဘာ ၃၁

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ကျပ် ၂၀၀တန် တစ်မျိုးနှင့် ကျပ် ၁၀၀ တန်နှစ်မျိုးကို ဇန်နဝါရီ ၄ ရက် (စနေနေ့)နံနက် ၉ နာရီမှစတင်၍တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။



(ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

နှစ်သစ်ကူးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ သည်နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် မိသားစုများ၏ နှစ်သစ်ကူးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ တေးသီချင်းသီဆိုမှုပြိုင်ပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် သတင်းစာတိုက်များဝင်းအတွင်းရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

သီချင်းသီဆိုမှုပြိုင်ပွဲတွင် ဝန်ထမ်းမိသားစုများမှ တစ်ဦးချင်းသီဆိုမှုပြိုင်ပွဲနှင့် စုံတွဲသီဆိုမှုပြိုင်ပွဲတို့တွင် အကောင်းဆုံးသီဆိုနိုင်သူ ငါးဦးနှင့် စုံတွဲငါးတွဲအားရွေးချယ်၍ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် အထွေထွေမန်နေဂျာ ဦးရဲနိုင်တို့က ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ သတင်းစာတိုက်အလိုက် ကံစမ်းမဲများဖောက်ခြင်း၊ အကျွေးအမွေးများ ကျွေးမွေးခြင်းတို့ဖြင့် တပျော်တပါးဆောင်ရွက်ကြပြီး နှစ်သစ်ကူး ဆုတောင်းများဖြင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

(ကြေးမုံ)

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် သစ်တောလုပ်ငန်းများနှင့် တရားမဝင်သစ် ဖမ်းဆီးအရေးယူမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဒီဇင်ဘာ ၂၆ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် သစ်တောဦးစီးဌာန၌ လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် မန်စီမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့၌ လည်းကောင်း တရားမဝင်သစ်ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့အပြင် မိုးမောက်မြို့နယ်ရှိ သစ်စေ့ထုတ်ဧရိယာ ကျွန်းတစ်အုပ်တစ်မစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် ဗန်းမော်မြို့နယ် စင်းခန်းကြိုးဝိုင်းအတွင်းရှိ ပျဉ်းကတိုးသစ်စေ့ထုတ်စိုက်ခင်းနှင့် ဖမ်းဆီးသစ်သယ်ယူထားရှိမှုများကို စစ်ဆေးကာ ထီးချိုင့်မြို့နယ်အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာသစ်ဆိပ်၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ ဂေဟစနစ် တည်ငြိမ်စေရေး၊ တရားမဝင်သစ်ခုတ်လှဲ ထုတ်လုပ်မှုများအား ကာကွယ်တားဆီးရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ဆပ်ကော်မတီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် အတွင်းရှိ ဗန်းမော်မြို့နယ်၊ မန်စီမြို့နယ်နှင့် မိုးမောက်မြို့နယ်များသို့ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့်အတူ သွားရောက်ခဲ့ပြီး မန်စီမြို့နယ်၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ခံဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍအပြင် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် မန်စီမြို့နယ် ဟန်ထက်ကျေးရွာသို့သွားရောက်ကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ တရားမဝင်သစ်ကာကွယ်တားဆီးရေးကိစ္စရပ်များ၊ ဖမ်းဆီးရမိတရားမဝင်သစ်များအား ပွင့်လင်းရာသီတွင် လုံခြုံရာသို့ သယ်ယူပို့ဆောင်ရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေးကဏ္ဍ စဉ်ဆက်မပြတ်ဆန်းစစ်ရေး စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် ကြီးကြပ်ဆန်းစစ်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေး(Multi-Stakeholder Meeting on Establishment of Continous Health Sector Review System) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ၂၀၁၅ ခုနှစ် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် ပြည့်မီမှုရှိ/မရှိ တိုင်းတာရာတွင် ချမှတ်ထားသော အညွှန်းကိန်းများတွင်ပါဝင်သည့် တစ်နှစ်အောက်ကလေးသေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်း၊ မိခင်သေဆုံးမှု၊ ကျွမ်းကျင်သူဖြင့် မွေးဖွားနှုန်းစသည့်ကိန်းဂဏန်းများကို တိကျမှန်ကန်စွာ ရရှိရန်လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂလိကကဏ္ဍ အပါအဝင် လူမှုရေးအသင်းအဖွဲ့အစည်းအားလုံး၏ သတင်းအချက်အလက်ကိန်းဂဏန်းများ မှန်ကန်စွာ ရရှိရန်လည်းလိုအပ်ကြောင်း။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုး ဆောင်ရွက်နေသည့် အဖွဲ့အစည်းပေါင်း ၅၀ ကျော်ရှိပြီး မိခင်၊မွေးကင်းစနှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများပိုမိုများပြားလာသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုများအား စဉ်ဆက်မပြတ်စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ ဆန်းစစ်ခြင်း၊ လုပ်ငန်းများတွင် Stakeholder အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အမှန်တကယ်လိုအပ်လျက်ရှိသော Continuous Health Sector Review System တစ်ရပ် အကောင်အထည်ဖော်နိုင်ရန်အတွက် လက်ရှိလုပ်ငန်းစဉ်များ၏ အားသာချက်၊ အားနည်းချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းရာတွင် အသစ်အသစ်တို့အစားထိုးဝင်ရောက်လာစမြဲဖြစ်၏။ အဟောင်း၊ အသစ်ပြောင်းလဲခြင်းသည် ဖြစ်ရိုးဖြစ်စဉ်နိယာမတရားပင်ဖြစ်သည်။ ယင်းနိယာမတရားကို မည်သူကမျှတားဆီးပိတ်ပင်ဟန့်တားထား၍မရနိုင်။

နှစ်သစ်ဆုတောင်း

ခင်မောင်ဌွေး (ပညာရေး)

ပြောင်းလဲခြင်းအစဉ်ကို ရှုကြည့်လျှင် အချို့သည် အရှိန်အဟုန်ကောင်းစွာဖြင့် ဖြစ်ပျက်ပြောင်းလဲသည်များလည်းရှိ၏။ အချို့ကား တဖြည်းဖြည်း တရွေ့ရွေ့နှင့် မှန်မှန်ကြီးပြောင်းလဲနေသည်များလည်းရှိ၏။ မည်သို့ပင်ပြောင်းလဲနေစေကာမူ အပျက်သဘောထက် အပြုအပြင်သဘောသို့ ပြောင်းလဲခြင်းကသာ အပေါင်းလက္ခဏာဆောင်နိုင်မည်ဖြစ်သည်။ အရေးကြီးဆုံးမှာ မည်မျှပြောင်းလဲနိုင်မည်၊ မည်သို့ပြောင်းလဲမည်ဆိုသည့် နည်းမှုဟန်ကသာ အရေးအကြီးဆုံးဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ဖွဲ့စည်းပုံ ပေါ်ပေါက်လာပြီးနောက် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ချီတက်နေသည်မှာ သုံးနှစ်နီးပါးပင်ခရီးပေါက်ခဲ့ပြီဖြစ်၏။ ဒီမိုကရေစီထွန်းကားပြီးသော နိုင်ငံများ၏ သက်တမ်းဖြင့် နှိုင်းစာလျှင်များစွာပင်နုနယ်လှပါသေးသည်။ ထို့ကြောင့်ပင်မျှော်လင့်ထားသည်များနှင့်အတူ မျှော်လင့်မထားသည့် စိန်ခေါ်မှုမျိုးစုံနှင့်ရင်ဆိုင်ကြုံတွေ့ကြရမည်သာဖြစ်သည်။ ယင်းသို့သော အခက်အခဲအတားအဆီးများသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အဟန့်အတားမဟုတ်၊ ဒီမိုကရေစီ၏ အခြေခံသင်ခန်းစာများသဖွယ်မှတ်ယူကာ အချို့ကို မုဆိုးဆိုင်သင်အနေအထားမျိုးဖြင့် ရင်ဆိုင်ကျော်လွှားရသည်များလည်း ရှိနိုင်မည်ဖြစ်၏။

ဦးစွာ ရင်ဆိုင်ဖြေရှင်းနေရသည်မှာ လွတ်လပ်ရေးနှင့်အတူပါလာသည့် ပြည်တွင်းစစ်မီးပင်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးအဖြေရှာကြရာ အခြေအနေကောင်းတစ်ရပ်အထိပင် ရောက်ရှိနေပြီဖြစ်သည်။ ထို့ပြင် တစ်ပြည်လုံးတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ မကြာသေးမီက နိုင်ငံတော်သမ္မတ၏ ပုသိမ်ခရီးစဉ်တွင် တရားဥပဒေစိုးမိုးသည့် ကျေးရွာများဖြစ်ပေါ်လာရေး၊ တစ်ဖက်တွင်လည်း ထိုထိုသော စံပြကျေးလက်၊ မြို့ပြများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုရန် စသည်ဖြင့် အလေးပေးပြောကြားသွားသကဲ့သို့ တစ်နိုင်ငံလုံးရှိ ကျေးလက်၊ မြို့ပြမကျန် တာဝန်ရှိသူ၊ တာဝန်သိသူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ သို့မှသာ ပြည်သူပြည်သားအပေါင်းတို့ ဘေးကင်းရန်ကွာစိတ်နှလုံးချမ်းမြေ့စွာနေထိုင်သွားလာအသက်မွေးဝမ်းကျောင်းပြုနိုင်ကြမည်ဖြစ်သည်။

ထို့အတူ နိုင်ငံ၏အချို့ဒေသများတွင်ဖြစ်ပွားခဲ့သည့် လူမျိုးရေး၊ ဘာသာရေးဆန်ဆန် အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားရေးအတွက် သက်ဆိုင်ရာဘာသာကြီး လေးမျိုးမှ ဘာသာရေးခေါင်းဆောင်များအပါအဝင် အဖွဲ့အစည်းအသင်းအပင်းများအနေဖြင့် စည်းရုံးဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံသားတိုင်းကလည်း တည်ငြိမ်အေးချမ်းရေးကို ပြဋ္ဌာန်းသတ်မှတ်ထားသည့် တရားဥပဒေအတိုင်း ကျင့်ကြံနေထိုင်နိုင်ကြဖို့ပင်ဖြစ်သည်။

စင်စစ်နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် တင့်တောင့်တင့်တယ်နိုင်ငံတစ်နိုင်ငံဖြစ်ဖို့သည် နိုင်ငံတွင်းရှိတာဝန်ရှိ အကြီးအကဲများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်နေခြင်းပင်ဖြစ်သည်။ မိမိတို့ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ရန် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်ပါတီချင်း၏ အတ္တရှေ့ထားအစွဲများကို ဦးစွာ ဖယ်ရှားနိုင်ကြဖို့လိုသည်။ ထိုမှတစ်ဖန် နိုင်ငံသူနိုင်ငံသားအပေါင်းတို့က လိုအပ်နေသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ညီညွတ်မျှတရေး စသည့် လိုအင်ဆန္ဒများကို မည်သို့ပူးပေါင်း၍ မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားသင့်သည်။ ယင်းတို့ကို အဖြေရှာဖွေရာ၌လည်း တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် မဖြစ်နိုင်။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အကောင်းဆုံးရလဒ်ကို ပေးစွမ်းနိုင်ကြောင်းခံယူနိုင်ကြဖို့ပင်ဖြစ်သည်။

ယနေ့တွင် ၂၀၁၃ ခုနှစ် ကုန်ဆုံး၍ ၂၀၁၄ နှစ်သစ်ဆီသို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။ ၁၉၄၈ ခုနှစ်မှ လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံအနေဖြင့် (၆၆)နှစ်ပြည့်မြောက်တော့မည်လည်း ဖြစ်၏။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီမျှခြင်းဆိုသည့် လောကပါလတရားများကို အပြည့်အဝ ခံစားစံစားကြရမည့်အချိန်ဖြစ်သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှ ရရှိခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်နှင့်အတူ စုစည်းညီညွတ်မှု အားမာန်သစ်များဖြင့် နိုင်ငံ၏အကျိုး သယ်ပိုးရာရောက်ကြရမည်ဖြစ်သည်။

စင်စစ်နိုင်ငံအတွင်းနေထိုင်သည့် လူမျိုးပေါင်း ၁၃၅ မျိုးရှိ၏။ ဘာသာစကားပေါင်းများစွာ ပြောဆိုနေကြ၏။ အသင်းအဖွဲ့အုပ်စု၊ ပါတီအဖွဲ့အစည်းများ အမျိုးစုံရှိ၏။ အယူအဆသဘောထားအဖုံဖုံ ကွဲပြားကြ၏။ ဤသို့သော မတူကွဲပြားခြားနားနေမှုများသည်ပင် လူ့အဖွဲ့အစည်းအတွင်းမှ ထွက်ပေါ်လာသည့် ပကတိအမှန်တရားများပင်ဖြစ်၏။ ယင်းတို့ကို စုစည်း၍ နိုင်ငံတွင် တစ်မျိုးသားလုံး၏ အကျိုးကို ရှေးရှု၍ အသင့်မြတ်ဆုံးကို ရွေးထုတ်အကောင်အထည်ဖော်နိုင်ကြဖို့ပင်ဖြစ်သည်။

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကို ဂုဏ်သရေရှိရှိ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းတွင်လည်း မသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းနှင့်ဆက်စပ်သည့် အစည်းအဝေးပေါင်းများစွာကို လက်ခံကျင်းပပေးရမည်လည်းဖြစ်သည်။ ၂၀၁၅ ခုနှစ်သည်လည်း အာဆီယံအသိုက်အမြုံအတွက်သာမက မြန်မာ့နိုင်ငံရေးဖြစ်စဉ်၏ အရေးကြီးသည့်ကာလတစ်ခုသို့ ရောက်ရှိလာတော့မည်လည်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အတူ အိမ်ရှင်နိုင်ငံပီသစွာ စွမ်းဆောင်နိုင်ရေးတွင် ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာဖြင့် ပါဝင်နိုင်ရေးသည် အလွန်ပင်အရေးကြီးလှပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံ၏ ရှေ့ရေးစီမံဆောင်ရွက်မှုများတွင် အားလုံးပါဝင်လာနိုင်ရေး (All inclusive) ဆိုသည့်အတိုင်း နိုင်ငံတော်၏ ပုံရိပ်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ပို၍ ပီပြင်စွာ ဖြစ်လာစေရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ ငြိမ်းချမ်းသာယာစိုပြည်သော ခရီးလမ်းအဖြစ် ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းနိုင်ရန် ပူးပေါင်းကြံဆပုံဖော်ဖန်တီးနိုင်ကြဖို့ပင် ဖြစ်ပါကြောင်း နှစ်သစ်ဦးဆုမွန်လွှာအဖြစ် ဆုတောင်းပတ္ထနာပြုမိပါ သည်။ ။

မကွေးမြို့နယ်၌ ရှေးမအင်ကြင်းကျောက်တုံးကြီး တွေ့ရှိ

မကွေး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဘုရားပျိုကျေးရွာအုပ်စု မင်းရွာ၏ အရှေ့မြောက်တစ်မိုင်ခန့်အကွာ ချောက်ကမ်းပါးကြီးထဲတွင် မြန်မာနိုင်ငံ၌ အကြီးဆုံးအင်ကြင်းကျောက်တုံးကြီးတစ်တုံးတွေ့ရှိထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ အင်ကြင်းကျောက်တုံးကြီးကို စတင်တွေ့ရှိသူမှာ ယခင်က ဘုရားပျိုကျေးရွာအုပ်စု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုအောင်ဖြစ်သည်။

"ကျွန်တော်က လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ဘုရားပျိုကျေးရွာအုပ်စုမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်က ဒီအင်ကြင်းကျောက်တုံးကြီးကို စတင်တွေ့ရှိခဲ့တာပါ။ မင်းရွာရဲ့ အရှေ့ဘက်တစ်မိုင်ခန့်အကွာမှာရှိတဲ့ ချောက်ကမ်းပါးကြီးထဲမှာ မြုပ်နေတာပါ။ ကျွန်တော်သွားကြည့်ပြီး လေ့လာလိုက်တော့ အင်ကြင်းကျောက်ရဲ့ အပိုင်းအစတွေ တွေ့ရတယ်။ ဒါနဲ့ မြေတူးသမားတွေခေါ်ပြီး အလုံးအထည်မပျက်အောင်တူးခိုင်းတယ်။ တဖြည်းဖြည်း အင်ကြင်းကျောက်ကြီးဟာ ရုပ်လုံးပေါ်လာတယ်။ တိုင်းကြည့်တော့ အရှည်က ၄၁ ပေ၊ လုံးပတ်က ၁၇ ပေခွဲရှိတယ်။ ဒီအင်ကြင်းကျောက်တုံးကြီးကို အပေါ်ရောက်အောင် ဆွဲတင်ဖို့ အခက်အခဲရှိတယ်။ စက်ယန္တရားတွေ၊ နည်းပညာတွေလိုတယ်။ ဒါနဲ့ ကျွန်တော်က နိုင်ငံတော်ကို လှူမယ်ပေ့ါ။ တိုင်းဒေသကြီးက တာဝန်ရှိသူတွေ လာကြည့်တယ်။ နောက်သစ်တောဌာနနဲ့တိုင်ပင်ပြီး အင်ကြင်းကျောက်ကြီးကို စောင့်ဖို့ အစောင့်တစ်ယောက် ငှားထားသေးတယ်။ ဒီကြားထဲ တရုတ်ဝယ်လက်အချို့လာကြည့်သေးတယ်။ ကျွန်တော်က နိုင်ငံတော်ကို လှူထားတဲ့ပစ္စည်းဖြစ်လို့ မရောင်းနိုင်ကြောင်း ပြောလိုက်တယ်။ ဒီလိုနဲ့ အင်ကြင်းကျောက်တုံးကြီးဟာ ရေတိုက်စားပြီး မြေကြီးထဲ ပြန်ရောက်သွားတယ်။ ကျွန်တော်လည်း မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတာဝန်နဲ့ မကွေးမြို့မှာ ပြောင်းနေရတော့ ပြန်မကြည့်အားဘူး။ ဒါပေမယ့် မင်းရွာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူနေတဲ့ ကိုအောင်ကျော်မြင့်ကို စောင့်ကြည့်ဖို့မှာထားပါတယ်။ ဒီအင်ကြင်းကျောက်ကြီးဟာ ချောင်းရေတိုက်စား၊ မြေပို့ပြီး မြေကြီးထဲရောက်သွားနိုင်တယ်"ဟု ဦးဘိုအောင်က ရှင်းပြသည်။

ကျွန်တော်တို့မြင်ရသော အပိုင်းမှာ အင်ကြင်းကျောက်၏ ကျောကုန်းပိုင်းသာမြင်ရပြီး ကျန်အပိုင်းများမှာ မြေကြီးထဲရောက်နေလျက်ရှိသည်။ စက်ယန္တရားအကူအညီ၊ နည်းပညာအကူအညီများဖြင့် ခက်ခဲစွာ ဆွဲယူရမည်ဖြစ်သည်။ စက်ယန္တရားများရွှေ့လျားရန် ပထဝီမြေပြင်အနေအထားမှာ ကျင်းများ၊ ချိုင့်ဝှမ်းများ၊ သစ်ပင်များက အတားအဆီးဖြစ်သည်။ တစ်ဖက်ကလည်း နိုင်ငံတော်၏ အဖိုးတန်သယံဇာတ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဖော်ထုတ်ရန် လိုအပ်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ **(မကွေးလှမြင့်)**

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ အဋ္ဌမအကြိမ် ၂၀၁၂ ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ထားသည့်စာအုပ်/စာမူများစာရင်းကို ယနေ့တွင်ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်အဖြစ် စာပေပညာရှင်ဆရာမကြီး စည်သူဒေါ်ကြန်အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုအတွက် စီးပွားရေးဘာသာရပ်တွင် သိန်းလွင် (ပြည်ပပို့ကုန်)၏ လက်တွေ့အသုံးချငွေလွှဲစာတမ်းစနစ်၊ ကျန်းမာရေးဘာသာရပ်တွင် ပါမောက္ခသိန်း၏ ကြုံရဆုံရ ကျွန်တော့်နှစ်ဘဝ အတွဲ(၁+၂)၊ သမိုင်းဘာသာရပ်တွင် ဒေါက်တာချာလီသန်း၏ သူရိယ၊ အက်ရှလေအေဒင်နှင့်ရတနာပုံနိဂုံး၊ ယဉ်ကျေးမှုဘာသာရပ်တွင် ဖေညွန့်ဝေ၏ ပန်းချီဆိုတာဘာလဲ၊ အတ္ထုပ္ပတ္တိဘာသာရပ်တွင် ဦးအောင်မွန်(မြတ်ဆုမွန်)၏ ရာပြည့်မစ္စတာမောင်မှိုင်း၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင်ထွန်းရီ (ရှေးဟောင်းသုတေသီ) ၏ ချောင်းဟောင်းပေါင်းချုပ်နှင့် ချောင်းကဗျာ ဂန္ထဝင်ဋီကာ၊ ရည်ညွှန်းကျမ်းဘာသာရပ်တွင် မောင်ဇေယျာ၏မြန်မာလူကျော် (၁၀၀) အတွဲ (၁+၂)၊ ကလေးစာပေဘာသာရပ်တွင် မောင်ယဉ်မှူး၏ မောင်ရေခဲ မရွှေဖဲကလေးကဗျာများ၊ လူငယ်စာပေဘာသာရပ်တွင် မောင်မြင့်ကြွယ်၏ လူတိုင်းအတွက်စည်းရုံးရေးအတတ်ပညာ၊ သုတပဒေသာဘာသာရပ်တွင် မြင့်ဝင်းမောင် (AZ) ၏အနာဂတ်မြန်မာနိုင်ငံ ခေတ်သစ်လွှန်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရက်တစ်နိုင်ငံရေးသမားကောင်းနှင့် စာပဒေသာဘာသာရပ်တွင် ပန်းချီလှတင်ထွန်း၏ ပန်းချီဦးဘကြည်ဘဝနှင့် သူ့လက်ရာတို့က ရရှိကြသည်။

အင်္ဂလိပ်စာအုပ်ဆုအတွက် သမိုင်းဘာသာရပ်တွင် Dr.Myo Myint ၏ Confronting Colonialism: King Mindon's Strategy for Defending Independence (1853-1878) က ရရှိသည်။

မြန်မာစာမူဆုအတွက် ရည်ညွှန်းဘာသာရပ်တွင် မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ မြန်မာမူဗိသုကာဝေါဟာရ မှတ်စုအဘိဓာန်၊ ယဉ်ကျေးမှု ဘာသာရပ်တွင် မောင်ကြော့ဦး၏ ခွန်(မ)ပီတို့ချစ်တဲ့နာဂမြေ၊ ကလေးစာပေဘာသာရပ်တွင် လူမွန်(ပခုက္ကူ)၏ မထွေးလေးနှင့် ပန်းစံပယ်ကလေးကဗျာများ၊ အင်္ဂလိပ်စာမူဆုတွင် သမိုင်းဘာသာရပ်၌ Ko Myo(Arimaddana) ၏ The Earliest Religious Buildings discovered at the Ancient city of Wadee, Myanmar တို့က ရရှိကြသည်။

တစ်သက်တာစာပေဆုနှင့်စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့်ဆုငွေကို ပူးတွဲချီးမြှင့်ပြီးစာမူဆုများအတွက် ငွေသားဆုကို ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်သည် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း၊ ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၀၄၄၈၇ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်းပေးပို့ကြရန်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့်မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါ လိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နှစ်သစ်မင်္ဂလာ

ဆရာတော်ဂိုလမ်းပေါင်

၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်တစ်ခုသို့ ရောက်ရှိလို့လာပြီ။ မြန်မာပြည်သူပြည်သားများကလည်း "မင်္ဂလာပါ"ဟု ကြိုဆိုကြပါ၏။

ဤနှစ်သစ်ပြီးလျှင် မြန်မာမြေ၌ ကြိုဆိုကျင်းပလေ့ရှိကြသော နှစ်သစ်များဖြစ်သည့် ကရင်နှစ်သစ်ကူး၊ တရုတ်နှစ်သစ်ကူးနှင့် မြန်မာနှစ်သစ်ကူးတို့လည်း အစီအရီရောက်ရှိလာပါဦးမည်။

နှစ်သစ်ကူးချိန်တိုင်း လူသားများအားလုံး အလွန်ပင်ရင်ခုန်၍ စိတ်လှုပ်ရှားနေတတ်ကြသည်မှာလည်း ဓမ္မတာတစ်ခုပင်။ ကိုယ်တိုင်သတိမမူမိကြသော်လည်း ထိုသို့သောခံစားချက်က လာရောက်တတ်စမြဲဖြစ်၏။ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် နှစ်သစ်တွေက လူသားများကို လက်ဆောင်ပေးရန် "နှစ်သစ်မင်္ဂလာ"တွေကို ဆောင်ကြဉ်းလာလေ့ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကြည်နူးရင်ခုန်ကြရ၏။ စိတ်လှုပ်ရှားကြရ၏။ အမှန်စင်စစ်မှာတော့ ထိုသို့ထူးကဲသောခံစားချက်၌သာ ကျေနပ်နေကြရန် မဟုတ်ဘဲ နှစ်သစ်ကပေးသော မင်္ဂလာတွေကို ပိုင်ပိုင်နိုင်နိုင် လက်ခံရရှိနိုင်ရန် အရေးကြီးလှ၏။

နှစ်သစ်ကပေး၍ လူသားတို့၏ စိတ်နှလုံးအတွင်း၌ တိုးဝင်လာလေ့ရှိသော နှစ်သစ်မင်္ဂလာဟုခေါ်ရမည့် မင်္ဂလာများအနက် မင်္ဂလာ(၃)ပါးကို အောက်ပါအတိုင်း ဆင်ခြင်ရပါသည်။

(၁) နှစ်သစ်တွင် လူတိုင်း မိမိ၏အကျင့်ဆိုးများကို ရပ်တန့်လိုခြင်း။

နှစ်ဟောင်းကတစ်လျှောက်လုံး မိမိပြုမူခဲ့သော အကျင့်ဆိုးများကို လုံးဝရပ်တန့်၍ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ဘဝသစ်ဖြင့် အကျင့်ကောင်းကို ကျင့်၍ ကောင်းမွန်စွာ နေထိုင်လိုသော စိတ်ဆန္ဒနှင့် ဆုံးဖြတ်ချက်သည် နှစ်သစ်မင်္ဂလာအဖြစ် လူသားတစ်ဦးချင်းစီကို လှုံ့ဆော်လေ့ရှိသည်။ ဤသည် မင်္ဂလာတစ်ပါးပင်ဖြစ်၏။

(၂) နှစ်သစ်တွင် လူတိုင်း အကောင်းများ ဆက်လက်တည်မြဲစေလိုခြင်းနှင့် တိုးတက်စေလိုခြင်း။

နှစ်ဟောင်းက မိမိ၏ကောင်းမွန်သော လုပ်ဆောင်ချက်များသည် နှစ်သစ်တွင်လည်း ဆက်လက်ကောင်းမွန်ရန်သာမက တိုးတက်ခြင်းရှိစေလိုခြင်းသည် နှစ်သစ်မင်္ဂလာအဖြစ် လူသားတစ်ဦးချင်းစီကို လှုံ့ဆော်လေ့ရှိသည်။ ဤသည် မင်္ဂလာတစ်ပါးပင်ဖြစ်၏။

(၃) နှစ်သစ်တွင် မျှော်လင့်ချက်သစ်များ ဖြစ်ပေါ်ခြင်း။

နှစ်ဟောင်းက ကြုံဆုံရသော အခက်အခဲ၊ အကျပ်အတည်းနှင့် မတရားမှုများသည် နှစ်ဟောင်းနှင့်အတူကုန်ဆုံး၍ နှစ်သစ်တွင် တရားမျှတမှု၊ အောင်မြင်မှု၊ လွတ်မြောက်မှုနှင့် အေးချမ်းသာယာ၍ ဝပြောမှုတို့ဖြစ်ပေါ်လာမည့်အကြောင်း နှစ်သစ်မင်္ဂလာအဖြစ် ပြည်သူ ပြည်သားများ ဆုတောင်း၍ မျှော်လင့်နေကြပါသည်။ ဤသည် မင်္ဂလာတစ်ပါးပင်ဖြစ်၏။

ဤနှစ်သစ်မင်္ဂလာများသည် မြန်မာလူမျိုးအသီးသီးတို့အပေါ်၌ အမှန်တကယ် သက်ရောက်တည်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်ကောင်စီ နယ်မြေအတွင်း ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးနှင့် ပပျောက်ရေးကို ဦးတည်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ စည်ပင်ဧည့်ရိပ်သာရှေ့၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇောအောင်ဦးစီးသည့် အင်အားကိုးဦးပါ ယာဉ်ဖမ်း၊ ယာဉ်စစ်အဖွဲ့သည် ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာမှု ရှိ၊ မရှိ၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကာ မောင်းနှင်မှုရှိ၊ မရှိနှင့် ဆိုင်ကယ်မောင်းနှင်စီးနင်းရာတွင် အန္တရာယ် မဖြစ်ပွားစေရန်အတွက် သုံးယောက်စီးနင်းမှုရှိ၊ မရှိတို့ကို ရပ်တန့်စစ်ဆေးလျက်ရှိပြီး စည်းကမ်းနှင့်အညီ မောင်းနှင်မှု ရှိ၊ မရှိသူများအား အရေးယူခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းဆိုင်ရာများ ဟောပြော

လားရှိုး ဒီဇင်ဘာ ၃၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းအကြောင်း သိကောင်းစရာများကို ပြည်သူများအား အသိပေးဟောပြောခြင်းကို ဒီဇင်ဘာ ၃၁ ရက်က လားရှိုးမြို့ ရပ်ကွက်(၅) တွင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ဝင်းမောင်က သန်းခေါင်စာရင်းဆိုင်ရာ ဖြေဆိုရမည့် အချက်အလက်များမှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ ၅၅၀ ခန့်တက်ရောက်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

နိုင်ငံကူးလက်မှတ်ပျောက်ဆုံး

ဦးမွှေသာမိ သာသနာဝင်အမှတ် [၉/အမရ(သ)၀၀၀၀၅၀]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ ၀၁၀-၄၂၁၇၂၀၄

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၀၀-၂၀၀၄(ကင်းတား-နဝင်း)အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဆင်း(၁၀)နှစ်ပြည့် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပေးကြပါရန် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများအား ခင်မင်လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်-၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက် (သောကြာနေ့)

ကျင်းပမည့်နေရာ-ဥယျာဉ်ခြံသီးနှံဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ် ၂၀၄၊ မြေကွက်တည်နေရာ ၉၄၊ ရတနာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (ဒေါ်ခင်သင်းသင်းနိုင်) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် (စီမံချက်ဂရန်)မြေအား အမည်ပေါက် ဒေါ်ခင်သင်းသင်းနိုင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၂၅၂/ (၃၀-၁၀-၁၃)ဖြင့်ရရှိသူ ဦးမြင့်သောင်း(ခ)ဦးသောင်း [၁၂/ကမရ(နိုင်)၀၃၈၀၈၇] မြေရာဇဝင်မှတ်ချက်ရှိ ကမရ/ပုံ/၂၄၃၇/၀၆(၁၀-၈-၀၆) ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ရာ အဆိုပါအရောင်းမြေပုံမူရင်း ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ







စတီဖင်ချောင်၏ Journey to the West ဇာတ်ကား တရုတ်နှင့်ဟောင်ကောင်ရုပ်ရှင်လောကတွင်ထိပ်ဆုံးမှ ရပ်တည်

ဟောင်ကောင်ရုပ်ရှင် ဒါရိုက်တာ၊ ဟာသရုပ်ဆောင်နှင့် ဇာတ်ညွှန်းရေး ဆရာတစ်ဦးဖြစ်သည့် စတီဗန်ချောင်၏ လက်ရာဖြစ်သည့် Journey to the West: Conquering the Demon ဇာတ်ကားသည် ဟောင်ကောင်ထိပ်တန်း ဇာတ်ကား ၁၀ ကားတွင်ပါဝင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ရောင်းအား အကောင်းဆုံးဇာတ်ကားတစ်ကားအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

အဆိုပါ Journey to the West ဇာတ်ကားကို တရုတ်နိုင်ငံတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ကစတင်ဖြန့်ချိပြသခဲ့ပြီး ယခုနှစ်ကုန်စာရင်းများအရ တရုတ်ပြည်မကြီး box office တွင် အမေရိကန်ဒေါ်လာ ၁၃၂ သန်းခန့် ရရှိခဲ့သည့်ဇာတ်ကားလည်း ဖြစ်သည်။

ထို့အပြင် ယင်းဇာတ်ကား၏ဖန်တီးရှင် ဒါရိုက်တာ စတီဗန်ချောင်ကလည်း ၂၀၁၃ ခုနှစ်အတွက် ဝင်ငွေအများဆုံးရရှိခဲ့သည့် ဒါရိုက်တာတစ်ဦးဖြစ်လာခဲ့ပြီး ဒုတိယအနေဖြင့် Tiny Times 1 & 2 ဇာတ်ကားဖြင့် ဒါရိုက်တာ Guo Jingming က ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ဝင်ငွေအကောင်းဆုံး မင်းသမီးအဖြစ် ကျန်းကျိရီ၊ Amber Kuo နှင့် Bai Baihe တို့က ရပ်တည်လျက်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်၏ ဝင်ငွေအကောင်းဆုံးအဖြစ် သတ်မှတ်ခံခဲ့ရသည့် Iron Man 3 ဇာတ်ကား

၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့ပြီး သရုပ်ဆောင် Robert Downey, Jr. နှင့် Gwyneth Paltrow တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် အမေရိကန်စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားဖြစ်သည့် Iron Man 3 ဇာတ်ကားသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖြင့် ကမ္ဘာလုံးဆိုင်ရာ box office ၌ တစ်နှစ်တာအတွင်း ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

ဆက်လက်ပြီး ဒုတိယဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် မီနီယန်လေးများပါဝင်သည့် Despicable Me 2 အန်နီမေးရှင်းဇာတ်ကားကလည်းကောင်း၊ သရုပ်ဆောင် ဗင်ဒန်ဇယ်နှင့် မကြာမီက ကားမတော်တဆမှုကြောင့် ကွယ်လွန်ခဲ့ရသည့် ပေါလ်ဝါကာ ပါဝင်သရုပ်ဆောင်ထားသည့် Fast And Furious 6 ဇာတ်ကားက တတိယနေရာတွင်လည်းကောင်း၊ မင်းသမီးဂျနီဖာလောရန့်စ်၏ The Hunger Games: Catching Fire ဇာတ်ကားက စတုတ္ထနေရာနှင့် Monster's University က ပဉ္စမနေရာတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။

ဒုတိယမြောက် Grand Prize ဆွတ်ခူးခဲ့သည့်မင်းသမီး ဟာဂျီဝန်

၂၀၁၃ ခုနှစ်အတွက် အမ်ဘီစီရုပ်သံလိုင်းမှ ပေးအပ်ချီးမြှင့်သည့် သရုပ်ဆောင်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Yeouido ကျွန်း၌ ပြုလုပ်ခဲ့ရာ တောင်ကိုရီးယားကြယ်ပွင့် ဟာဂျီဝန်က Empress Qi ဇာတ်ကားဖြင့် ယင်းဆုပေးပွဲ၏ Grand Prize ကို ရရှိဆွတ်ခူးခဲ့သည်။

အဆိုပါ Empress Qi ဇာတ်ကားတွင် ဟာဂျီဝန်သည် ယွမ်ခေတ်၏ ဧကရီဘုရင်မတစ်ပါးအဖြစ် နူးညံ့သိမ်မွေ့မှု၊ ခက်ထန်မာကျောမှု စသည့်အမူအရာများကို အက်ရှင်နှင့် ဟာသသရုပ်ဆောင်ကွက်များ ရောနှောကာ ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့သည်။

ယခုရရှိခဲ့သည့် Grand Prize သည် ဟာဂျီဝန်၏ ဒုတိယမြောက်ဆုဖြစ်ပြီး ၎င်းသည် ၂၀၀၆ ခုနှစ်က Hwangjin-i ဇာတ်ကားဖြင့် Grand Prize ရရှိထားသူတစ်ဦးလည်းဖြစ်သည်။ ထို့အပြင် ဟာဂျီဝန်သည် Year's Actress Award နှင့် ၂၀၁၃ ခုနှစ်အတွင်း ရေပန်းအစားဆုံးဆုများအတွက် ပရိသတ်များ၏ မဲအများဆုံး ရရှိထားသူတစ်ဦးဖြစ်ကာ ယင်းဆုများကို သရုပ်ဆောင်စွမ်းရည်နှင့် ရေပန်းစားမှုတို့အပေါ် မူတည်ကာ ပရိသတ်များမှ မဲပေးရွေးချယ်စေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွက် အမ်ဘီစီရုပ်သံလိုင်းမှ ပေးအပ်ချီးမြှင့်ခဲ့သည့် သရုပ်ဆောင်ဆုပေးပွဲအခမ်းအနား၏ ဒရာမာရုပ်ရှင်ကဏ္ဍတွင် မီနီစီးရီး၊ special edition နှင့် soap opera ဟူ၍ အပိုင်းသုံးပိုင်းခွဲထားပြီး ကဏ္ဍတစ်ခုချင်းစီအတွက် ထူးချွန်ဆုနှင့် Grand Prize ဆုတို့ကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်၏ အကောင်းဆုံးဒရာမာဇာတ်ကားဆုကို ယခုနှစ်၏ မဲရာခိုင်နှုန်းအများဆုံးဖြစ်သည့် ဇာတ်ကား **A Hundred Year's Inheritance** က လည်းကောင်း၊ ရေပန်းအစားဆုံးမင်းသားဆုနှင့်Best Couple ဆုကို ဆူဇီနှင့် လီဆောင်ဂီတို့ကလည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

မျိုး စန္ဒာ မောင် - စုစည်းသည်

ASIA KING 09-43114301, 01-387973
45000 45000

One Set
Ph:09-5053076

"ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၃၆) နေ မှတ်ပုံတင်အမှတ်[၈/သရန(နိုင်) ၀၂၇၃၀၈]ကိုင်ဆောင်သူ မကေသွယ်ဝင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မကေသွယ်ဝင်းသည် ၁၉၉၄ ခုနှစ်မှစ၍ ဦးမျိုးထွန်း၊ မှတ်ပုံတင်အမှတ်[၈/သရန(နိုင်) ၀၃၃၃၃၃]ကိုင်ဆောင်သူနှင့် အိမ်ထောင်ကျခဲ့ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ သမီးတစ်ဦးနှင့် သားတစ်ယောက် ထွန်းကားခဲ့ပါသည်။

ထိုသို့ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ဒီဇင်ဘာ ၁၇ ရက် ၂၀၁၃ခုနှစ်တွင် ရွှေ ၁၂ကျပ်သား နှင့်ငွေ ကျပ် ၃၅၀၀၀၀၀သိန်းကိုယူဆောင်၍ နေအိမ်မှထွက်ခွာသွားခဲ့ရာမှ ယနေ့တိုင်ပြန်လည် ရောက်ရှိလာခြင်းမရှိပါ။

သို့ဖြစ်ပါသောကြောင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှတို့သည် ကျွန်ုပ်အမှုသည် ဖြစ်သူမကေသွယ်ဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း **B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ(၂၃၈၇)
အမှတ်(၇၇)၊ ပထမထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉-၄၂၀၁၁၂၄၅၂

မင်္ဂလာဦးဆွမ်းကျွေးအစီအစဉ် ဖျက်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်နေ ကျွန်မ မပွင့်လွှာထွန်းနှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ မောင်ဇေယျာထွဋ်တို့၏ ၄-၁-၂၀၁၄ရက်တွင်ပြုလုပ်မည့် မင်္ဂလာဦးဆွမ်းကျွေးအစီအစဉ်အား စိတ် သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ကျွန်မ မပွင့်လွှာထွန်းဘက်မှ တရားဝင်ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မပွင့်လွှာထွန်း[၁၂/ဆကန(နိုင်)၀၀၂၂၆၅]

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မဇင်မာသူ(ခ) နိုသကြိန် (HGU-၁၇၄၄၅၀)သည် မိသားစုကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။ ဦးမင်းဇော်(လှည်းကူးမြို့)

[၁၂/လကန(နိုင်)၁၆၂၀၅၅]

ခြေထောက်ကျိုးခဲ့သော ယူအက်ဖ်စီကြယ်ပွင့် ဆေးလ်ဗား ကိုးလကျော်ကြာ အနားယူရမည်

ငွေကြယ်

ဘရာဇီးလက်ဝှေ့ကျော် အန်ဒါဆန်ဆေးလ်ဗားသည် အမေရိကန်လက်ဝှေ့ကျော် ခရစ်ဝိတ်ဒ်မန်းနှင့် ယူအက်ဖ်စီမစ်ဒယ်ဝိတ်တန်းပြိုင်ပွဲအဖြစ် လာ့စ်ဗီးဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဝိတ်ဒ်မန်း၏ ထိချက်ပြင်းသောထိုးချက်များကြောင့် ခြေထောက်ကျိုးခဲ့ရသည်။

ယူအက်ဖ်စီ မစ်ဒယ်ဝိတ်တန်းတွင် အန်ဒါဆန်ဆေးလ်ဗားနှင့် ခရစ်ဝိတ်ဒ်မန်းတို့သည် နှစ်ချီထိုးသတ်ခဲ့ရာတွင် ဆေးလ်ဗားသည် ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့ရပြီး ယင်းဒဏ်ရာအား ကုသရမည်ဖြစ်၍ အနည်းဆုံးကိုးလကျော်ကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးလက်ဝှေ့ကျော် အန်ဒါဆန်ဆေးလ်ဗားသည် ယူအက်ဖ်စီ မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲများတွင် ၁၆ ပွဲ ဆက်တိုက်နိုင်ပွဲရရှိခဲ့သည့် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့သော်လည်း ခရစ်ဝိတ်ဒ်မန်နှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့ရသည့်အပြင် ခြေထောက်ကျိုးဒဏ်ရာပင် ရရှိခဲ့သည်အထိ ဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် အန်ဒါဆန်ဆေးလ်ဗား ရှုံးပွဲကြုံခဲ့ခြင်းကြောင့် ယင်းပွဲစဉ်သို့ လာရောက်အားပေးခဲ့သော ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒိုနှင့် ဘရာဇီးပရိသတ်များ အံ့အားသင့်ခဲ့ရသည်။

အငြင်းပွားဖွယ်အောင်ပွဲခံမှုကို ထပ်မလုပ်ရန် နီကိုလက်အနယ်ကာ သဘောတူခဲ့

ဝက်စ်ဘရွန်းတိုက်စစ်မှူး နီကိုလက်အနယ်ကာသည် ဂိုးသွင်းချိန်တွင် အငြင်းပွားဖွယ် အောင်ပွဲခံမှုကို ထပ်မံမလုပ်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ် ဝက်စ်ဘရွန်းတိုက်စစ်မှူး အနယ်ကာသည် ဝက်စ်ဘရွန်းအသင်း နှင့် ဝက်စ်ဟမ်းအသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဝက်စ်ဘရွန်းအသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးခဲ့ချိန်တွင် နာဇီပုံစံဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ပြင်သစ်အားကစားဝန်ကြီး၏ တရားစွဲဆိုမှုကိုခံခဲ့ရသည်။ ယင်းစွဲချက်အား ဖြေရှင်းသည့်အနေဖြင့် နာဇီပုံစံဖြင့် အောင်ပွဲခံမှုကို မလုပ်ဆောင်ရန် အနယ်ကာက သဘောတူညီခဲ့ခြင်းဖြစ်သည်။

အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်စေရန်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေအသစ်တစ်ရပ်ကိုထုတ်ပြန်ပြဋ္ဌာန်းကာ ဆက်သွယ်ရေးဝန်ဆောင်မှုများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ တင်သွင်းရောင်းချခြင်းတို့အတွက် စနစ်တကျဖြစ်စေခြင်း၊ လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်းဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တချို့သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများသည် လိုင်စင်မရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုများကို လုပ်ကိုင်ခြင်းနှင့် ကန့်သတ်စက်ပစ္စည်းများဖြစ်သော လမ်းလျှောက်စကားပြောစက် (Walkie-Talkie) များ၊ HF/VHF ရေဒီယိုလွှင့်ဖမ်းစက်များအသုံးပြုခြင်း၊ Repeater များ အသုံးပြုခြင်းများကို တွေ့ရှိလာရပါသည်။ ထိုသို့ တရားမဝင်ဝန်ဆောင်မှုများဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများကိုအသုံးပြုခြင်းတို့ကြောင့် အဆိုပါစက်ပစ္စည်းများမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းနှုန်းများသည် တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုလုပ်ငန်းများ၏ စက်ပစ္စည်းများကို လာရောက်နှောင့်ယှက်သဖြင့် ဝန်ဆောင်မှုအရည်အသွေးကို ကျဆင်းစေပါသည်။ တရားဝင်လိုင်စင်ဖြင့် ကိုင်ဆောင်သည့် ရေဒီယိုလှိုင်းနှုန်း သတ်မှတ်ပေးထားခံရသည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ၏ ဆက်သွယ်ရေးစနစ်ကိုပါ နှောင့်ယှက်သဖြင့် လုပ်ငန်းများကို များစွာအနှောင့်အယှက်ဖြစ်စေပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြဋ္ဌာန်းပြီးဖြစ်သည့် ဆက်သွယ်ရေးဥပဒေနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုပါက တရားဝင်လိုင်စင် လျှောက်ထားရယူရမည်ဖြစ်ပါသည်။ လိုင်စင်မရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုများလုပ်ကိုင်ခြင်း၊ လိုင်စင်ဖြင့်သာခွင့်ပြုသော ဆက်သွယ်ရေးစက်ပစ္စည်းများကို လိုင်စင်မရှိဘဲ ကိုင်ဆောင်အသုံးပြုခြင်း မပြုလုပ်ကြပါရန်နှင့် တာဝန်ရှိသူများမှ စစ်ဆေးသည့်အခါ လိုင်စင်မရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ ကိုင်ဆောင်အသုံးပြုခြင်းကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန





CONCRETE MIXER
(အုန်းမွှေးလုံး)ကား ရောင်းမည်/ငှားမည်
ISUZU 2003 ဂျပန်ကား၊ ညှိနှိုင်းဈေး
ဖုန်း-၀၉-၇၃၂၂၄၃၀၉၊ ၀၉-၄၂၀၀၇၉၇၈၁

TOYOTA MARK II 2003 ရုပ်ပြောင်း
စတီနံပါတ်၊ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၉-၇၃၂၂၄၃၀၉၊ ၀၉-၄၂၀၀၇၉၇၈၁

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မိသားစုတစ်ခုလုံးရဲ့ တာဝန်တွေကို ပခုံးနှစ်ဖက်ထက် ထမ်းရွက်ထားရသော်လည်း သားနဲ့သမီး လိုအပ်ချက်တွေကို မညီးမညူ အမြဲဖြည့်ဆည်းပေးသူ ဖေကြီး ဒုတိယဗိုလ်မှူးကြီး တင်ကိုကို(ငြိမ်း)နှင့် သားနဲ့သမီး လိမ္မာယဉ်ကျေးအောင် ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် ဆိုဆုံးမပေးသော မေကြီး ဒေါ်မီမီကိုတို့၏ ၁-၁-၂၀၁၄ရက်တွင် ကျရောက်သော (၂၀)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် သက္ကရာဇ်ပေါင်းများစွာကို ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲကျော်ဖြတ်နိုင်ပါစေ။

သမီး - မသန့်နွယ်ကိုကို(ခ)ကစ်ကစ်
[ဒုတိယနှစ်(မြို့ပြ)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းစိန်၊ကြို့ကုန်း]
သား - မောင်ခန့်ထည်ကိုကို(ခ)ကူးကူး
(**Grade 10(c)**၊ အထက-၂၊ ဗဟန်း)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

မုံရွာ ဒီဇင်ဘာ ၃၁

တရားမဝင်သစ် ခိုးထုတ်မှုဖြစ်စဉ်များပပျောက်ရေးအတွက် ရည်ရွယ်၍ သစ်တောဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ စစ်ကြောင်းအသွင်ဖြင့် တရားမဝင်သစ်ခိုးထုတ်ရာ အခြေခံနယ်မြေများဖြစ်သော ကြိုးဝိုင်းကြိုးပြင်တောများအတွင်း ကွင်းဆင်းဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကသာခရိုင်အတွင်း ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့မှ တရားမဝင် ကျွန်း၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာနှင့်အခြားသစ်မျိုးစုံ စုစုပေါင်း ၃၀၇ ဒသမ ၂၄၄ တန်နှင့် တရားခံ ရှစ်ဦး၊ ကားသုံးစီး၊ အင်ဂျင်သုံးလုံး၊ လွှဝိုင်းနှစ်ဝိုင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရခဲ့သည်။

ထို့အတူ မုံရွာခရိုင်အတွင်း ဦးစီးအရာရှိ ဦးကျော်သူ ဦးဆောင်သောအဖွဲ့က တရားမဝင် ကျွန်း၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်းနှင့် အခြားသစ်မျိုးစုံ ၄၇ ဒသမ ၆၈၅၂ တန်ကိုလည်းကောင်း၊ ကလေးခရိုင်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သောအဖွဲ့က တရားမဝင်ကျွန်း၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာနှင့် အခြားသစ်မျိုးစုံစုစုပေါင်း ၁၄၇ ဒသမ ၁၉၇၆ တန်ကိုလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင် ဦးဆောင်သောအဖွဲ့မှ တရားမဝင်ကျွန်း၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာနှင့်အခြားသစ်မျိုးစုံစုစုပေါင်း ၇၀ ဒသမ ၀၈၄ တန်တို့နှင့်အတူ တရားခံငါးဦး၊ ကားသုံးစီးတို့ကို လည်းကောင်း စုစုပေါင်း တရားမဝင်သစ် ၅၇၂ ဒသမ ၂၀၆ တန်နှင့် တရားခံ ၁၃ ဦး၊ ကားခြောက်စီး၊ အင်ဂျင်သုံးလုံးတို့အား ဖမ်းဆီးရမိခဲ့၍ တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

လမ်းပြန်လည်ခင်းကျင်းပေးစေလိုပါသည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနရပ်ကွက် ဧရာဝတီလမ်းတွင် ရေပိုက်များ အသစ်လဲလှယ်မှုပြုလုပ်စဉ် တူးဖော်သွားသောမြောင်း **(အပေါ်ပုံ)**တွင် မြင်တွေ့ ရသည့်အတိုင်း မြေဖို့ရုံသာဖို့သွားသည့်အတွက် လမ်းပျက်စီးမှုကို ပြန်လည်ပြုပြင်ပေးသင့်ကြောင်း ပြည်သူများက ပြောကြားနေသည်ကို သိရသည်။

တင်မောင်ဦး(အလုံ)

နံပါတ်မပါ မသင်္ကာဖွယ်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ အိတ်ကပ်အတွင်း ပလတ်စတစ်ပတ်လျက် မူးယစ်ဆေးဝါးများ တွေ့ရှိ

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တိုင်းဒေသကြီးရဲတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစုမှ ဒုရဲမှူး ရန်နိုင်ဝင်း၊ ဒုရဲမှူး သန်းဇော်ဝင်း၊ ရဲအုပ် ရဲမြင့်နှင့်အဖွဲ့တို့သည် သက်သေများနှင့်အတူ (၆၆)လမ်း၊ (၂၆×၂၇)လမ်းကြား၌ မူးယစ်သတင်းအရ စောင့်ဆိုင်းနေစဉ် ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက တောင်မှမြောက်သို့ ငွေလှိုင်ဦးစီးနင်းပြီး တေဇာနောက်မှ လိုက်ပါလာသည့် နံပါတ်မပါ အန်ဘို-စီဇက်အိုင် ၁၂၅ ဖြူ/ပြာရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ငွေလှိုင်ဦး ဝတ်ဆင်ထားသည့် SP စာတန်းတံဆိပ်ပါ ပြောက်ကျားအနွေးထည်အကျႌ ဝဲဘက်အိတ်ကပ်အတွင်း 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားအား ပလတ်စတစ်အပိုင်းအစအသေးတစ်ခုဖြင့် ပတ်လျက်တွေ့ရှိပြီး လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ တေဇာ၏ ခန္ဓာကိုယ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးပြားများမတွေ့ရှိဘဲ ၎င်းကိုင်ဆောင်သည့် ခေါက်ပိုက်ဆံအိတ်အတွင်းမှ ၎င်း၏နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်၊ ဒေါ်ဝင်းမြတ်သူ၏ ယာဉ်မောင်းလိုင်စင်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း တွေ့ရှိ၍ သက်သေများရှေ့တွင် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း နယ်မြေရဲစခန်းမှသိရသည်။

ညနေ ၄ နာရီခွဲတွင် ၎င်းတို့နှစ်ဦးအား ဒုရဲမှူး ရန်နိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့ခွဲ(၁၇)မူးယစ်အထူးအဖွဲ့မှ ဒုရဲမှူး ခင်မောင်ငွေနှင့် အဖွဲ့တို့နှင့်အတူ သက်သေများရှေ့တွင် စစ်မေးရာ အဆိုပါဆေးပြားများအား မြစ်သားမြို့နယ် ဘိုတန်ကျေးရွာနေ မြင့်ငွေထံမှ တစ်ပြားလျှင် ကျပ် ၃၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် မြင့်ငွေအား ဖုန်းဖြင့်ဆက်သွယ်ပြီး မှာယူ၍ (၃၀×၆၃) လမ်းထောင့်တွင် ချိန်းဆိုပြီးစောင့်ဆိုင်းနေစဉ် မြင့်ငွေနှင့်မညိုညိုစန်းတို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာ၍ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ မြင့်ငွေထံမှ အပြာရောင် ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉ ပြားပါ အထုပ်တစ်ထုပ်၊ ၁၈၄ ပြားပါ အထုပ်တစ်ထုပ် စုစုပေါင်းဆေးပြား ၃၈၃ ပြား၊ မူးယစ်ဆေးဝါးရောင်းချငွေကျပ် ၂၄၀၀၀၀၊ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိ၍ အဆိုပါ ဆေးပြားများအား မူဆယ်မြို့ တစ်ဖက်ကမ်းရှိ တရုတ်နိုင်ငံ ကြယ်ဂေါင်မြို့ (၄)လမ်းနေ အားတီဆိုသူထံမှ တစ်ပြားလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းနှင့် ဆိုင်ကယ်တို့အား သက်သေများရှေ့တွင် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ငွေလှိုင်ဦး(ခ) အရှည်ကြီး(၄၂)နှစ်၊ တေဇာ(၃၂)နှစ်၊ မြင့်ငွေ၊ ညိုညိုစန်းနှင့် အားတီတို့အား အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရန်ကုန် – မန္တလေးကားလမ်းပေါ်တွင် ၂၂ ဘီးယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးခရိုင် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ်(၄၁၅/၂-၃) ကြားတွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မြောက်မှတောင်သို့ မျိုးမင်းဇော် (၂၇)နှစ် မောင်းနှင်သည့် ၆ယ/--- Scalla အပြာရောင် ၂၂ ဘီးယာဉ်နှင့် လှဝင်းမောင်စီးနင်းပြီး ခင်ဇော် နောက်မှလိုက်ပါသည့် ၅ယ/---ဟန်ဇင်း ၁၁၀ ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ လှဝင်းမောင်၏ဝဲမျက်ခုံး၊ ယာပေါင်ပေါက်ပြဲ၊ ဝဲပေါင်ကျိုး၊ ပါးစပ်သွေးထွက်ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်သေဆုံး၍ ခင်ဇော်၏ယာပါး၊ အပေါ်နှုတ်ခမ်း ပွန်းပဲ့၊ ဆီးခုံပေါက်ပြဲဒဏ်ရာရရှိကာ စဉ့်ကိုင်ဆေးရုံသို့ တင်ပို့ကုသရသဖြင့် နံနက် ၁၀ နာရီက ဒုရဲအုပ် စိုးမိုးအောင်က တရားလိုပြုလုပ်၍ မျိုးမင်းဇော်နှင့်လှဝင်းမောင်တို့အား မြို့မရဲစခန်း (စဉ့်ကိုင်) ယာဉ်(ပ)၅၇/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် လုပ်သေနတ်တစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အမှတ်(၂၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ကျိုင်းတုံ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီ ၂၅ မိနစ်က ကျိုင်းတုံမြို့နှင့် မိုင်းလားမြို့ကြားရှိ "ဝမ်တာပင်း" ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျိုင်းတုံမှမိုင်းလားသို့ မိုင်းယန်းမြို့ နမ့်ခမ်းမိုင်ကျေးရွာနေ အားရွှေ(၃၀)နှစ် မောင်းနှင်ပြီး မိုင်းယန်းမြို့ နမ့်ကျွမ်ကျေးရွာနေ အားဆယ်(၄၀)နှစ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အားဆယ်၏ ခါးတွင် မျက်နှာသုတ်ပဝါဖြင့်ထုပ်လျက် ပြောင်းအရှည် ၁၁ စင်တီမီတာခန့်၊ ပြောင်းဝ ၂ ဒသမ ၅ စင်တီမီတာခန့်ရှိ လုပ်သေနတ်တစ်လက်နှင့် ၎င်းကျည် ၁၂ တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားရွှေနှင့်အားဆယ်တို့ နှစ်ဦးအား ကျိုင်းတုံမြို့မရဲစခန်းက(ပ) ၁၄၂/၂၀၁၃၊ ရှမ်းလက်နက် ပုဒ်မ ၁၂(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဂရိတ်ဝေါလ်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်နှင့် ဇနီး ဒါရိုက်တာ ဒေါ်နန်းလှစိန်တို့သည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ ၇၇ × ၇၈ လမ်းကြား၌ "တော်ဝင်နှင်းဆီ" အဆင့်မြင့်ဆေးရုံကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ပါသဖြင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မန္တလေးနှင့်ရန်ကုန်ရုံးဝန်ထမ်းများ

ဂရိတ်ဝေါလ်ကုမ္ပဏီလီမိတက်

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် အကြံပြုချက်များဖိတ်ခေါ်ခြင်း

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ၇-၁၀-၂၀၁၃ရက်နေ့တွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပ၍ အစိုးရဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholder များ ပါဝင်သည့်ကော်မတီ၊ အကြံပေးအဖွဲ့များဖွဲ့စည်းလျက် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ(မူကြမ်းများ) ပြုစုလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehesive Education Sector Review-CESR)သည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်ဆက်စပ်သောဝန်ကြီးဌာနများမှ ပညာရှင်များ၊ အတွေ့အကြုံရင့် ပညာရှင်ကြီးများနှင့် နိုင်ငံတကာအကြံပေးပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်၍ ပြုပြင်ပြောင်းလဲသင့်သော ထောက်ခံအကြံပြုချက်များအပေါ် အခြေခံပြုစုဆောင်ရွက်ပါသည်။

ထိုထောက်ခံအကြံပြုချက်များအပေါ်မူတည်၍ လက်တွေ့ကျကျ အဆင်ပြေချောမွေ့စွာ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက်လုပ်ငန်းအဖွဲ့များက Stakeholder များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် တက္ကသိုလ်အဆင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆွေးနွေးပွဲနှင့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်၍ လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါကြောင်းနှင့် တက်ရောက်ဆွေးနွေးနိုင်ခြင်းမရှိပါကလည်း အောက်ဖော်ပြပါ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသို့လည်း အကြံပြုချက်များကို ဆက်သွယ်ရန်လိပ်စာ **စိန်ရတုခန်းမတက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့** သို့မဟုတ် အောက်ပါဆက်သွယ်ရန် **e-mail**များသို့ စာဖြင့်ပေးပို့နိုင်ကြောင်း သတင်းရရှိပါသည်။

စဉ်	အမည်	တာဝန်	လုပ်ငန်းအဖွဲ့	ဆက်သွယ်ရန် e-mail
၁။	ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူ ဒေါ်ခင်မာထွေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	မူကြိုပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	myoemyintkyu@gmail.com kmhdirector@gmail.com
၂။	ဒေါ်မြင့်မြင့်သန်း ဒေါ်ညွှန့်ညွှန့်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဘုန်းတော်ကြီးသင် ပညာရေးနှင့်ပညာရေး လုပ်ငန်းဆောင်ရွက်သည့် ဘာသာရေးအဖွဲ့အစည်း များဆိုင်ရာ လုပ်ငန်းအဖွဲ့	malaynyunt@gmail.com
၃။	ဦးတင်ညို ဦးစိုးဝင်း	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	tinnyo2@gmail.com
၄။	ဒေါက်တာ ဒေါ်ထူးထူးအောင် ဒေါ်ခင်ခင်ဌေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဆရာအတတ် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	khinhtay.directordept@gmail.com
၅။	ဦးထွန်းလှ ဒေါ်ဂျိုအဲနာ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကလေးဗဟိုပြု ချဉ်းကပ်သင်ယူ နည်းဆိုင်ရာ လုပ်ငန်းအဖွဲ့	20jdoe08@gmail.com
၆။	ဦးမြင့်ဟန် ဦးခင်မောင်ထွေး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကျောင်းပြင်ပပညာရေး ဆိုင်ရာလုပ်ငန်းအဖွဲ့	mlrc.ygn@gmail.com khinmaunghtwe58@gmail.com
၇။	ဒေါက်တာဥမ္မာကျော် ဒေါက်တာဒေါ်သန်းနွဲ့	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဥပဒေပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	kyaw.omar@gmail.com
၈။	ဒေါ်ရီရီမြင့် ဒေါက်တာထွန်းအောင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းအဖွဲ့	dawyiyimyint09@gmail.com dr.tunaung64@gmail.com
၉။	ဒေါက်တာသက်လွင် ဒေါ်နှင်းမူ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ဝန်ထမ်းစွမ်းရည်မြှင့် တင်ရေးနှင့်စွမ်းဆောင် ရည်အကဲဖြတ်ရေး လုပ်ငန်းအဖွဲ့	thetlwin737@gmail.com hmdhel@gmail.com
၁၀။	ဒေါက်တာမြမြဦး ဒေါက်တာကျော်နိုင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့	drmyamyaoo@gmail.com drkyawnaing2009@gmail.com
၁၁။	ဦးစိန်မင်း ဒေါက်တာနုနုရီ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင် ကောင်းများကြီးကြပ် ဖြည့်ဆည်းရေး လုပ်ငန်းအဖွဲ့	nunuyi1964@gmail.com
၁၂။	ဦးစိုးညွှန့် ဒေါက်တာနေဝင်းဦး	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ ဆိုင်ရာလုပ်ငန်း အဖွဲ့(အဆင့်မြင့်)	winoo.nay@gmail.com
၁၃။	ဒေါက်တာဒေါ်မြကြွယ် ဒေါ်ခင်သင်းဖြူ	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာဆိုင်ရာ လုပ်ငန်းအဖွဲ့အခြေခံ	khinthinphyu.edu@gmail.com
၁၄။	ဒေါက်တာမြင့်သိန်း ဒေါက်တာဇော်မြင့်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	အဆင့်မြင့်ပညာရေး ဆိုင်ရာလုပ်ငန်းအဖွဲ့	zawmyint.uzm@gmail.com
၁၅။	ဒေါက်တာခင်မေအုန်း ဒေါက်တာတင့်ဆွေလတ်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	proftsl@gmail.com
၁၆။	ဒေါက်တာကျော်ဝင်း ဒေါက်တာဇော်မင်းနိုင်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	nyihlange1@gmail.com wytu2010@gmail.com
၁၇။	ဒေါက်တာမြင့်သောင်း ဒေါက်တာတင်ထွဋ်	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	စိုက်ပျိုးရေး/ မွေးမြူရေး/သစ်တော ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့	tinhtutagri@gmail.com
၁၈။	ဒေါက်တာဖိုးကောင်း ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း	အဖွဲ့ခေါင်းဆောင်(၁) အဖွဲ့ခေါင်းဆောင်(၂)	သတင်းအတတ် နည်းပညာနှင့် ဆက်သွယ်ရေးပညာ ဆိုင်ရာလုပ်ငန်းအဖွဲ့	pkaung@gmail.com nwe2win.csyu@gmail.com

ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၆/၈၄)
နှစ်သစ်ကူးဆုတောင်းလွှာ

သင်တန်းအတူ တက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့စစ အကျဉ်းဦးစီးမှ လက်ရှိတာဝန်ထမ်းဆောင်ဆဲ အငြိမ်းစားယူပြီး ပြင်ပသို့ရောက်ရှိပြီး သူငယ်ချင်းများနှင့် မိသားစုများသည် ၂၀၁၄ ခုနှစ်၊ သင်တန်းဆင်း နှစ်(၃၀)ပြည့်မြောက် အခါသမယတွင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာခြင်းနှင့်ပြည့်စုံပြီး တိုင်းပြည်၊ လူမျိုး၊ သာသနာနှင့် မိသားစုအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကာ အောင်မြင်ပြည့်စုံကြပါစေကြောင်း နှစ်သစ်ကူး၊ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

(ဦးအေးမင်းဦး တော်ဝင်ရွှေဆိုင်၊ ဖျာပုံမြို့ ၀၄၅၄၀၂၆၅ မှ ကျေးဇူးပြုပါသည်။)

ဦးEကျော်ဝင်း ဖုန်း-၀၉-၇၃၂၀၄၁၂၂ ဥက္ကဋ္ဌ
ဦးခင်မောင်သန်း ဖုန်း-၀၉-၇၃၀၂၁၅၅၃ ဒုဥက္ကဋ္ဌ
ဦးကျော်ကျော်လင်း ဖုန်း-၀၉-၄၂၁၀၈၃၅၆၅ အတွင်းရေးမှူး

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၆/၈၄)
သာရေး၊ နာရေးအဖွဲ့(ရန်ကုန်)

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ (ရန်ကုန်)

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ငွေပဒေသာပင် အလှူငွေလက်ခံပွဲတို့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယခင်ခေတ်အဆက်ဆက် ဂေါပကအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဂေါပကအဖွဲ့ဝင်ဟောင်းများ လက်ရှိဂေါပကအဖွဲ့ဝင်များ၊ ငွေပဒေသာပင် အလှူရှင်များနှင့် ရန်ကုန်မြို့ရှိ ရခိုင်သူ၊ ရခိုင်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများလှူဒါန်းလိုပါက ဒေါက်တာဦးကျော်မင်း ဖုန်း-၀၉-၅၁၄၀၉၉၄၊ ဦးတင်ညွှန့် ဖုန်း-၀၉-၄၂၁၁၁၈၅၆၊ ဦးစောသိန်း ဖုန်း-၀၉-၅၀၀၁၃၀၁၊ ဦးဝင်းမောင် ဖုန်း-၀၉-၇၃၀၀၁၄၄၇၊ ရုံးအဖွဲ့မှူး ဖုန်း-၃၇၅၇၂၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့





ပျောက်ဆုံး

ကျွန်တော် ကျော်ဇင်ထူး ခရီးသွားရင်း(M-717670) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၃၀၈၃၇၈**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစုရတီဝင်း၏ နိုင်ငံကူးလက်မှတ် N-376296သည် ခရီးသွားရင်း ပျောက်သွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၀၉၆၈၅**

စမ်းချောင်း(အထက-၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

စမ်းချောင်း (အထက-၁)၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား အကြိမ် (၂၀)မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် ၁၉၆၅ ခုနှစ် မတိုင်မီနှင့် ၁၉၈၀ ပြည့်လွန်နှစ် ကျောင်းသားဟောင်းများသည် မိမိတို့အား ပညာသင်ပေးခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြပြီး အလှူငွေနှင့် ကန်တော့ခံပစ္စည်းလှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ ဖုန်း-၀၉-၅၀၀၂၇၇၁၊ ဦးမောင်မောင်သန်း (ရွှေရည်မြန်မာ ရိုးရာမုန့်မျိုးစုံ) ဖုန်း-၀၉-၄၉၂၂၃၇၁၅၊ ဦးခင်မောင်ကျော်ဒင် ဖုန်း-၀၆၇-၃၆၀၂၅၊ ဦးစိုးနိုင် (အေးမေတ္တာ ကားပစ္စည်းဆိုင် ၀၉-၇၃၂၀၆၀၀၂၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၉-၅၁၀၈၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ဖြူး ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်စီစဉ်မှုဖြင့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စတင်၍ ဖြူးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် တွင် ကျရောက်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ၁၁ ဦးတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ရပ်ကွက်ပေါင်းစုံမှ ၁၁ သင်းနှင့် ဌာနဆိုင်ရာမှ ၂၁ သင်းတို့ကို ရပ်ကွက်အသင်း လေးအုပ်စု၊ ဌာနဆိုင်ရာလေးအုပ်စုဖြင့် ဖွဲ့စည်း၍ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး အသင်းဝင်ကြေး တစ်သင်းလျှင် ကျပ်နှစ်သောင်း သတ်မှတ်ပေးသွင်းကြရမည်ဖြစ်သည်။

ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရပ်ကွက်အသင်းများအား ပထမ၊ ဒုတိယ၊ တတိယနှင့် ဌာနဆိုင်ရာအသင်းများကိုလည်း ပထမ၊ ဒုတိယ၊ တတိယရရှိသော အသင်းများအား ပထမဆု ကျပ် ၇၀၀၀၀၊ ဒုတိယဆု ကျပ် ၅၀၀၀၀၊ တတိယဆု ငွေကျပ် ၃၀၀၀၀ တို့ကို (၆၆) နှစ် မြောက် လွတ်လပ်ရေးနေ့ ကျရောက်မည့် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

ကလေး၀-တမူးလမ်းပေါ် ရှိ ဝါးရဲချောင်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်

ကလေး၀ ဒီဇင်ဘာ ၃၁

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးပေါ်ရှိ ကလေး၀-တမူးလမ်းမိုင်တိုင်အမှတ် (၄/၅-၄/၆) အကြားရှိ ဝါးရဲချောင်းတံတားကို သံကူကွန်ကရစ် နှစ်လမ်းသွားလမ်းမကြီးအဖြစ် နိုင်ငံတော်မှ ကျပ်သန်း ၇၀၀ အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း၊ တံတားအရှည်မှာ ပေ ၂၉၀ ဖြစ်ပြီး လွန်တူးဘိုးပိုင် အမျိုးအစားဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

အဆိုပါ တမူး-ကျီကုန်း-ကလေး၀-ကလေးဝလမ်းမကြီးကို အိန္ဒိယနိုင်ငံမှ ၂၀၀၃ ခုနှစ်တွင် စတင်တိုင်တာပြီး အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမကြီးအဖြစ် ခင်းပေးခဲ့ကာ သုံးနိုင်ငံမဟာမိတ် လမ်းမကြီးအဖြစ် ထင်ရှားပြီး တမူးမှကလေး ၈၃ မိုင်၊ ကလေးမှကလေး၀ ၂၃ မိုင်၊ ကလေး၀မှ မုံရွာ ၁၁၅ မိုင်၊ မုံရွာမှ မန္တလေး ၈၆ မိုင် ရှိကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ကျိုင်းတုံမြို့နယ် ဟွေကွယ်ကျေးရွာအုပ်စု နောင်ကြာပါကော် (ဝမ်မိုင်)အာခါ တိုင်းရင်းသား ကျေးရွာတွင် ရွာသူ ရွာသားများ ထေရဝါဒဗုဒ္ဓဘာသာဝင်ခံယူပွဲနှင့် စုပေါင်းရှင်ပြုသီလရှင်ဝတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပစဉ်။

(၅၁၃)

လူမှုရေးကြော်ငြာ

ဆွေးနွေးမိတ်ဆုံစားပွဲ (ကြော်ငြာ - ရုပ်ပုံမှ ဖတ်၍ မရနိုင်သော စာသားများ)

Oriental House Restaurant

MEIC/MEIS (ကုန်သွယ်ရေး)ဝန်ထမ်းဟောင်းများ (သဘင်)အကြိမ် ဆုံစည်းမှုနှင့် ...

ဆက်သွယ်ရန် -

အထက(၂)ကမာရွတ်(ယခင်စိန့်ဩဂတ်စတင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၂)ကမာရွတ်(ယခင်စိန့်ဩဂတ်စတင်း)ကျောင်း၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉၅၈ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ကျောင်း၌ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများအား အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန်။ ။ နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီ
နေရာ။ ။ အထက(၂)ကမာရွတ်၊ သရဖီခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

၁၉၇၂-၁၉၈၀ ပညာသင်နှစ်

ဆေးတက္ကသိုလ်(၁)ကျောင်းသား၊ ကျောင်းသူများ၏အာစရိယပူဇော်ပွဲ

၁၉၇၂-၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁)ကျောင်းသား၊ ကျောင်းသူများ၏အာစရိယပူဇော်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး၊ ရပ်ဝေး၊ ၁၉၇၂-၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီထိ
နေရာ - PANDA HOTEL (ပုလဲခန်းမ)
၂၀၅၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကျောင်းသား၊ ကျောင်းသူများ၏ မိတ်ဆုံညစာစားပွဲ

နေ့ရက် - ၂၆-၁-၂၀၁၄ ရက် ညနေ ၆ နာရီ
နေရာ - DOLPHIN (စားသောက်ဆိုင်)၊ ကန်တော်ကြီးပတ်လမ်း၊ ရန်ကုန်မြို့

(အခမ်းအနားဖြစ်မြောက်ရေးကော်မတီ)

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

ဒေါက်တာဝင်းမြင့်	၀၉-၅၁၅၆၅၈၅	ဒေါက်တာခင်ရီဦး	၀၉-၅၀၂၀၅၇၇
ဒေါက်တာနိုင်ဝင်း	၀၉-၅၁၂၇၄၇၇	ဒေါက်တာနုနု	၀၉-၅၀၁၇၆၀၃
ဒေါက်တာမျိုးညွန့်အောင်	၀၉-၅၁၃၇၄၆၅	ဒေါက်တာသော်တာမြင့်	၀၉-၅၁၃၆၅၈၆

ဇာတ်သဘင် Channel အတွက် နာမည်ကြီးဇာတ်အဖွဲ့များ စစ်ကိုင်းမြို့တွင် ရုပ်သံရိုက်ကူး

စစ်ကိုင်း ဒီဇင်ဘာ ၃၁

5 Network TV ဇာတ်သဘင် Channel တွင် ထုတ်လွှင့်ပြသနိုင်ရေးအတွက် မြန်မာ့ဇာတ်သဘင်များ၏ ဖြေဖျော်တင်ဆက်မှုများကို ဒီဇင်ဘာလဆန်းပိုင်းမှ စတင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့အခြေစိုက် နာမည်ကြီး မြန်မာဇာတ်သဘင်အဖွဲ့ကြီးများ၏ စစ်ကိုင်းမြို့ ဆင်များရှင် အောင်ဇေယျာဇာတ်ရုံကြီးအတွင်းတွင် ရိုက်ကူးမှုများဆောင်ရွက်လျက်ရှိနေကြောင်းသိရသည်။ ဒါရိုက်တာ ကြည်သာ(ပွဲကြိုက်ခင်)က စီစဉ်ရိုက်ကူးနေခြင်းဖြစ်ကြောင်း၊ သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း ဇာတ်အဖွဲ့ကြီး၊ လှိုင်ဘွားအောင်ပန်တျာ မြန်မာဇာတ်အဖွဲ့၊ ဝေယံဦး မန္တလေးဇာတ်သဘင်အဖွဲ့တို့နှင့် စီစဉ်ရိုက်ကူးလျက်ရှိနေကြောင်း၊ မြန်မာ့ဇာတ်သဘင်၏ပွဲခွင်တွင် စင်တင်ကပြတင်ဆက်နေမှု အစီအစဉ်များအတိုင်း ဘုရားကန်တော့ခန်း၊ အပျိုတော်၊ မင်းသား မင်းသမီးယိမ်း၊ တေးဂီတသီဆိုတင်ဆက်မှု၊ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွားနှင့် နောက်ပိုင်း ဇာတ်တော်ကြီး စသည့် အစီအစဉ်များကို မြန်မာ့ဇာတ်သဘင်၏ ယဉ်ကျေးမှုသမားစဉ်မပျက် ရိုက်ကူးနေကြောင်း သိရသည်။

"ဒီဇင်ဘာ ၂၆၊ ၂၇ ရက် ညတွေက လှိုင်ဘွားအောင်ပန်တျာ မြန်မာဇာတ်အဖွဲ့ ရိုက်ကူးတယ်။ ၂၉၊ ၃၀ရက်ညတွေမှာ ရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်းတို့ အဖွဲ့ရိုက်ကူးနေတယ်။ ကြည်သာ(ပွဲကြိုက်ခင်) စီစဉ်ညွှန်ကြားရိုက်ကူးနေတာတွေ့ရတယ်။ ဇာတ်သဘင်ချန်နယ်အဖြစ် ထုတ်လွှင့်ပြသဖို့ ရိုက်ကူးစုဆောင်းစီစဉ်တာလို့သိရတယ်။ တကယ့်ပွဲခွင်မှာ ကပြဖျော်ဖြေတင်ဆက်နေတဲ့အတိုင်း ရိုက်ကူးပုံဖော်နေတာကို တွေ့ရတယ်။ မြန်မာ့ဇာတ်သဘင်ပညာကို ထိန်းသိမ်းရာရောက်သလို ပြည်သူတွေဇာတ်သဘင်ကို ပြန်လည်စိတ်ဝင်စားလာကြမယ်လို့ထင်တယ်။ မြန်မာဇာတ်သဘင် ကပြတင်ဆက်မှုကို နိုင်ငံခြားတိုင်းပြည်တွေကလည်း စိတ်ဝင်စားလာကြမယ် ထင်ပါတယ်"ဟု ရိုက်ကူးရေးအစီအစဉ်များကို သွားရောက်ကြည့်ရှုသူ ဇာတ်ပွဲဝါသနာရှင်တစ်ဦးက ပြောသည်။

ရွှေမန်းသဘင်ရိုက်ကူးသည့် ဒီဇင်ဘာ ၂၉ ရက် ညပိုင်းတွင် အမေရိကန်က Asia Society Cultural Programs and Performing Arts. Director Rachel Cooper တို့အဖွဲ့လည်း လာရောက်ကြည့်ရှုလေ့လာကြကြောင်း၊ Rachel Cooper အနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဇာတ်သဘင်ကပြတင်ဆက်မှု အစီအစဉ်များကို အမေရိကန်နိုင်ငံတွင် ကပြတင်ဆက်နိုင်ရန် လေ့လာနေကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်မီးလင်းရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသမီးလင်းရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကိုပြုလုပ်ရာ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ တိုင်းလျှပ်စစ် အင်ဂျင်နီယာမှူးနှင့် ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့မိမြို့ဖ၊ အထောက်အကူပြုအဖွဲ့၊ ရပ်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသမီးလင်းရေး၊ ပြည်သူလူထု အလိုအပ်ဆုံးအရာဖြစ်သော လျှပ်စစ်မီးကို နိုင်ငံတစ်ဝန်းရှိ ဒေသအားလုံးရရှိအောင် ကြိုးစားပြီးဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတကြီးကလည်း လမ်းညွှန်မှာကြားပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ ဆောင်ရွက်ရေး ဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့်အဖွဲ့သည် ရွာတန်းတိုက်နယ်၊ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေး၊ အထောက်အကူပြုအဖွဲ့များ၊ ဒေသမီးလင်းရေးကော်မတီများနှင့် တွေ့ဆုံဆွေးနွေးသည်။ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းက ဒေသမီးလင်းရေးအတွက် လိုအပ်သည်များကို ထပ်မံဆွေးနွေးသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စက်မှုဝန်ကြီးနှင့်အဖွဲ့သည် ရွာတန်းတိုက်နယ်မီးလင်းရေးအတွက် ထရန်စဖော်မာအထိုင် တပ်ဆင်မည့်နေရာများကိုကြည့်ရှုသည်။ ယင်းဒေသတွင်း လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ကွန်ကရစ်တိုင်များထူပြီး တန်းများတပ်ဆင်ပြီးဖြစ်ကာ 33 KV လိုင်းသွယ်တန်းမည်ဟု သိရသည်။ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်မီးလင်းရေး လုပ်ငန်းများပြီးစီးပါက ရွာတန်းတိုက်နယ် ၂၄ ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာတို့ပါ ထပ်မံ၍ လျှပ်စစ်မီးရရှိမည်ဟု သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

မော်လိုက်မြို့နယ်တွင် ကွင်းဆင်းဆေးကုသမှုနှင့် အသိပညာပေးဟောပြောပွဲများဆောင်ရွက်

မော်လိုက် ဒီဇင်ဘာ ၃၁

မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်း၊ ရွှေ့လျားဆေးပေးခန်းဆောင်ရွက်ခြင်းနှင့် ပညာပေးဟောပြောဆွေးနွေးခြင်းများကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကြာအင်းကျေးရွာအုပ်စု တိုက်နယ်ပြည်သူ့ဆေးရုံနှင့် ဓမ္မရံသီကျောင်းတိုက်တို့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာမော်လိုက် ခရိုင်ပြည်သူ့ဆေးရုံရှိ ဆရာဝန်ကြီးနှင့်အထူးကုဆရာဝန်များက ကြာအင်းအုပ်စု၊ နန်းစောက်အုပ်စု၊ ဇီးကုန်းအုပ်စုကျေးရွာများမှ ကျေးလက်ပြည်သူ ၄၀၀ ကျော်ကိုဆေးကုသခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဓမ္မရံသီကျောင်းတိုက်၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဦးစိန်မြင့်ဦး၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်မမ၊ ခရိုင်တရားသူကြီး ဦးငြိမ်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင့်ဝေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးစိုးဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးပို၊ မြို့နယ်ဥပဒေအရာရှိ ဦးသူရိန်ထက်ခိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုသက်တို့က ကျေးလက်နေပြည်သူများအား အသိပညာပေးဟောပြောကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကိုးတန်ချောင်းရေတိုက်စားမှုကြောင့် ပြိုကျနေသော ကမ်းပါးများကို ဆက်လက်မပြိုကျစေရန် ရေကာတာများတည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မောင်ကောင်းခန့်ဇော်[Grade-8(A)]အထက(၁)ဒဂုံအတွက် မွေးနေ့ဆုမွန်

၁-၁-၂၀၁၄ရက်တွင်ကျရောက်သော သားကြီး၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဗုဒ္ဓ၏အဆုံးအမနှင့်အညီ လိုက်နာဆောင်ရွက်၍ အသက်ရှည်ကျန်းမာပျော်ရွှင်အောင်မြင်မှုများနှင့် ပြည့်စုံသော နိုင်ငံ့သားကောင်း ရတနာလေးဖြစ်ပါစေ။

ဘွားဘွား	- ဒေါ်လှအုန်း(ဟသ်ာတ)
ဘိုးဘိုးဘွားဘွား	- ဗိုလ်ကြီးကြည်မြင့်(ငြိမ်း)-ဒေါ်စန်းလှိုင် [ဦးစီးအရာရှိ(ငြိမ်း)သမဦးစီး]
ဖေဖေ	- ဦးစိန်လင်း(Chief Engineer,PIL Shipping ,S 'pore)
မေမေ	- ဒေါ်မိုးအေးလှိုင်နှင့်
ညီလေး	- မောင်နေမျိုးထွဋ် [(Grade-5(A) ဒဂုံ(၁)] E (18-B) မေခအိမ်ရာမိသားစု

ဂျူလီယာ(JULIA)

ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၆)

သင်တန်းသားများ ခေါ်ယူခြင်း

စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ထဘီ၊ ချိတ်ထဘီ၊ ဘောင်းဘီနှင့်စကပ် ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ကုတ်အင်္ကျီနှင့်ဂါဝန်အပါအဝင်စုစုပေါင်းအမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲများ

တန်းခွဲ(A)	- စနေ၊ တနင်္ဂနွေ	- နံနက်(၇း၀၀)နာရီမှ (၉း၀၀)နာရီထိ
တန်းခွဲ(B)	- စနေ၊ တနင်္ဂနွေ	- နံနက်(၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီထိ
တန်းခွဲ(C)	- စနေ၊ တနင်္ဂနွေ	- မွန်းလွဲ(၁း၀၀)နာရီမှ (၃း၀၀)နာရီထိ
တန်းခွဲ(D)	- စနေ၊ တနင်္ဂနွေ	- ညနေ(၄း၀၀)နာရီမှ (၆း၀၀)နာရီထိ

* ၁-၂-၂၀၁၄ရက်တွင် စတင်ဖွင့်လှစ်မည်။
* တစ်ပတ်(၂)ရက် (၃)လပြတ်
* လူဦးရေကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံယူဆောင်လာ၍ အောက်ပါလိပ်စာအတိုင်း ၃၁-၁-၂၀၁၄ရက် နောက်ဆုံးထား၍ နံနက် ၈ နာရီမှ ည ၈ နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။(ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင် ဆင်းပါ။)
ဖုန်း ၀၉-၅၀၅၈၇၆၇

(၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုတောင်းလွှာ

ဦးမျိုးဟန် MD-Academy Chemical Group -ဒေါ်စိုးစိုးအေးတို့၏ ၁-၁-၂၀၁၄ရက်တွင် ကျရောက်သော(၂၅)နှစ်ပြည့် ငွေရတုမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ရွှေလက်ခိုင်ခိုင်တွဲ၍ ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

ကိုမျိုးလွင်- ဇနီး မဝင်းဝင်းမော်
သမီး-အိသဥ္ဇာထက်

လျှပ်စစ်ဝန်ထမ်းဟောင်းသက်ကြီးပုဂ္ဂိုလ်များအား ပဉ္စမအကြိမ် ပူဇော်ပွဲနှင့်စတုတ္ထအကြိမ် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

လျှပ်စစ်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးပုဂ္ဂိုလ်များအား တွေ့ဆုံဂါရဝပြုပူဇော်ပွဲနှင့် စတုတ္ထအကြိမ် သင်းလုံးကျွတ် အစည်းအဝေးအား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ လျှပ်စစ်ဌာနတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့၊ တာဝန်ထမ်းဆောင်ဆဲ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့် အသင်းသူအသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် (၂၀၁၂-၂၀၁၃)ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းသူ၊ အသင်းသားများ၏ သားသမီးများရှိပါက ပညာသင်ဆုချီးမြှင့်ရန်အတွက် ဤအသင်းရုံးသို့ ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့	- ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့) ၁၃၇၅ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၁)ရက်
ကျင်းပပြုလုပ်မည့်အချိန်	- ၈ နာရီမှ ၁၁ နာရီထိ
ကျင်းပပြုလုပ်မည့်နေရာ	- International Business Center (IBC) ခန်းမ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့
လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း
ဖုန်း ၀၁-၂၃၀၁၀၇၄

"မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ"

အချစ်ရဆုံးသော အဘွား"ဂျန်း"ရဲ့ ၁-၁-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။ ချစ်မြေးများကို နွေးထွေးသောမေတ္တာဖြင့် ထာဝရလွှမ်းခြုံပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလျက်၊

ချစ်မြေး(၁၀)ယောက်

ဇာဇာ၊ကောင်စရ်၊ ဝေမာ၊ ဂွတ်ဂွတ်၊ ပိုင်ပိုင်၊
ကြယ်စင်၊ နေဘုန်း၊ ကိုကို၊ မီးမီး၊ ညီညီ

ပါပါးဦးမြမောင်(ခ)ချုံချီဟော် (Universal Tailoring)နှင့် မာမား-ဒေါ်ခင်ခင်ဆွေတို့အတွက် မင်္ဂလာနှစ်(၃၀)ပြည့်ပုလဲရတု အမှတ်တရ

၁၉၈၄ဇန်နဝါရီ(၁)ရက်
လွန်ခဲ့သောနှစ် ဤနေ့ရက်မှ
လူသား(၂)ဦး တူညီပေါင်းဖက်
မွေးဖွားစည်ပင် ရတနာ(၄)ပါး
ကျွေးမွေးသုတ်သင် မပြတ်ဆုံးမ
မလစ်ဟင်းစေ မိဘဝတ္တရား
ကြီးမားသည့်မေတ္တာ ဤအရာကား
ယနေ့မှစ နောင်နှစ်(၁၀၀)တိုင်တည်စေသော်

သား - Dr. မျိုးမင်းအောင်-Dr.အိစန္ဒာဦး
သမီး - Dr.ခိုင်သဇင်
သမီး - အေးအေးဖြိုး
သမီး - ဆွေဆွေလင်း

အင်းဝဒေသမှ ငှက်ပျောစိုက်တောင်သူများ ဈေးကောင်းရ

စစ်ကိုင်း ဒီဇင်ဘာ ၃၁

ဒုဋ္ဌဝတီမြစ်ငယ်မြစ်ရိုးတစ်လျှောက်တွင် တည်ရှိနေသည့် တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်များရှိ ကျေးရွာများသည် ဖီးကြမ်းငှက်ပျောခြံများကို အကြီးအကျယ် စိုက်ပျိုးလျက်ရှိနေကြသည်။ မိုးတွင်းကာလက မြစ်ရေကြီးမြင့်မှုကြောင့် ငှက်ပျောခြံများ ပျက်စီးမှုရှိခဲ့ရာ ယခုအခါ ငှက်ပျောသီးဈေးနှုန်းများ မြင့်မားမှုရှိနေကြောင်း သိရသည်။ ယခင်နှစ်များက ဖီးကြမ်းငှက်ပျောသီးဈေးနှုန်းမှာ လှည်းတစ်စီးလျှင် ကျပ်တစ်သိန်းဝန်းကျင်သာ ဈေးပေါက်ခဲ့သော်လည်း ယခုအခါ ကျပ်တစ်သိန်းခွဲမှ ကျပ်တစ်သိန်းခုနစ်သောင်းအထိ ဈေးပေါက်ကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မိုးတွင်းကာလက မြစ်ရေကြီးမှု၊ ရေဝင်ရောက်မှုကြောင့် ငှက်ပျောခြံအများစုပျက်စီးခြင်း၊ အပင်နာ၍ အသီးအထွက်နှုန်း ကျဆင်းခြင်းများရှိခဲ့ကြောင်း သိရသည်။ လှည်းတစ်စီးလျှင် ငှက်ပျောခိုင် ၂၀ သတ်မှတ်ထားပြီး ငှက်ပျောတစ်ခိုင်လျှင် အဖီးလှသော ခြောက်ဖီးကိုသာ ဈေးဖြတ်ကြောင်း၊ ငှက်ပျောတစ်ခိုင်လျှင် ခြောက်ဖီး မပြည့်ပါက ငါးဖီးခိုင် သုံးခိုင်ကို ငှက်ပျောနှစ်ခိုင်ဟု သတ်မှတ်ကြောင်း ခြောက်ဖီးထက်ပိုသော ငှက်ပျောဖီးများကို ပွဲစားကယူကြောင်း သိရသည်။

“အရင်ကမန္တလေး၊ စစ်ကိုင်းက ငှက်ပျောပွဲစားတွေက ငွေကြိုတင်ပေးပြီး ခြံပြတ်လာဝယ်ထားတယ်။ လိုသလောက် နှစ်စီးတိုက်၊ သုံးစီးတိုက်စသဖြင့် လာခုတ်ယူတယ်။ လှည်းတစ်စီးတိုက်ကို ငှက်ပျော ၂၂ ခိုင်သတ်မှတ်ခဲ့တယ်။ ခြံထဲမှာငှက်ပျောတွေ မလှတော့ဘူးဆိုရင် လာမခုတ်တော့တာတွေရှိခဲ့တယ်။ ခုတော့လှည်းတစ်စီးကို အခိုင် ၂၀ပဲ သတ်မှတ်ဝယ်တယ်။ ကိုယ့်ရွာမှာတင် ပွဲစားရှိနေတော့ ရောင်းရတာ အခက်အခဲသိပ်မရှိတော့ဘူး။ ဒီနှစ်တော့ ရသမျှ အဖီးမစေ့တာရော စေ့တာရော လာဝယ်တာတွေရှိတယ်။ ငှက်ပျောဈေးကလည်းတစ်စီးကို ကျပ် တစ်သိန်း ခုနစ်သောင်းအထိ ဈေးရကြတယ်”ဟု အင်းဝမြို့မှ ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

အင်းဝမြို့ဟောင်းတွင် ဒုဋ္ဌဝတီမြစ်ရိုးမှာသာမက ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းနယ်မြေ၊ နန်းတော်မြို့ရိုးအတွင်း၌ပါ ငှက်ပျောခြံများကို အကြီးအကျယ် စိုက်ပျိုးထားကြသဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးမည်ကို စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

ဖီးကြမ်းငှက်ပျောသီးကို ဘုရားပွဲ၊ နတ်ပွဲ၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘာသာရေးဆိုင်ရာပွဲများတွင် အဓိက အသုံးပြုကြသဖြင့် ဈေးကွက်ကျယ်ပြန့်ကြောင်း၊ လက်လီ ပေါက်ဈေးတွင် ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ကျပ်တစ်ထောင်ဝန်းကျင်ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

လူကုန်ကူးမှုအသိပညာပေးဟောပြော

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုနှင့် ဥတ္တရသီရိမြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူလူထု ၇၅ ဦး တက်ရောက်ခဲ့ကြပြီး နေပြည်တော်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမင်းနိုင်က မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူကုန်ကူးသူများ အသုံးပြုသည့် နည်းလမ်းအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန “ပညာ့ဗိမာန်” စာကြည့်တိုက်ခန်းမတွင် ကျင်းပမည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ဇာတိမာန်” နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဇန်နဝါရီ ၃ရက်မှ ၅ ရက်ထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စီးပွားရေးကြော်ငြာ

ကလေးနှင့် သားကောင်းမိခင်ပြိုင်ပွဲ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးနှင့် သားကောင်းမိခင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ ကလေးမိခင်ပေါင်း ၅၆ ဦးရှိပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(၆၈၄)

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မြန်မာပြည်သူပြည်သားအပေါင်းတို့
နှစ်သစ်မင်္ဂလာအခါသမယတွင် စိတ်ချမ်းသာကိုယ်ကျန်းမာ၍
ရည်မှန်းချက်များ အောင်မြင်ပြီး လိုအင်ဆန္ဒများ
ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စိန်ပင်လယ်(စိန်ရွှေရတနာဆိုင်)
မိသားစု



(၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုတောင်းလွှာ

ဦးမျိုးဟန်(Chairman)-**ဒေါ်စိုးစိုးအေး**တို့၏ ၁-၁-၂၀၁၄ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့်ငွေရတုမှသည် နောင်နှစ်ပေါင်း(၁၀၀)ကျော်တိုင်အောင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ ပျော်ရွှင်ဖွယ်နေ့ရက်ပေါင်းများစွာကို အမြဲပိုင်ဆိုင်၍ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ACADEMY CHEMICAL GROUP
ဝန်ထမ်းများ

ကန့်ကြီးထောင့်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

ကန့်ကြီးထောင့် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ကျေးရွာအုပ်စုများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇင်ဘာ ၂၇ ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာများမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပထမဦးစွာ ရွှေးကျေးရွာအုပ်စုနှင့် ရွှေးကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းဖောက်လုပ်မှုအား ကြည့်ရှုခဲ့ပြီး ကျွန်းရွာရှည်အုပ်စု၊ ပအူကျွန်းနှင့် ဂရက်အုပ်စုချင်းဆက်လမ်းဖောက်လုပ်မှုမြေနေရာများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာများမှ အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကွင်းဆင်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယ ဦးစီးမှူး ဦးကျော်မင်းထက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာဦး၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးမှုဦးစီးဌာန ဦးစီးမှူး ဦးမိုးမြင့်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းရတနာထွန်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ SAE ဦးရဲထွဋ်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ လိုက်ပါခဲ့ကြကြောင်း သိရသည်။ **ကန့်ကြီးထောင့်(ပြန်/ဆက်)**

တောင်တွင်းကြီး၌ ရှေးဟောင်းစေတီ ရွှေထီးတော်တင်လှူ

မကွေး ဒီဇင်ဘာ ၃၁

တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့တော်ဟောင်းအနီး လက်ပံရှည်ကျေးရွာရှိ ရှေးဟောင်းစေတီတစ်ဆူဖြစ်သော "အောင်ဝိဇ္ဇာ၊ အသိ၊ သတိ သဗ္ဗသုခသိဒ္ဓိစေတီတော်" ကြီး၏ ရွှေထီးတော်တင်အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားကို နံနက် ၇နာရီ မိနစ် ၂၀ တွင် စတင်ပြီး နေပြည်တော် ဆရာတော် ပါဠိပါရဂူ ဦးဝိမလဗုဒ္ဓိနှင့် နတ်မောက်မြို့ ရွှေနတ်တောင် ဆရာတော်တို့အား အမှူးထား၍ (၅)ပါး သီလခံယူကာ ရွှေထီးတော်များကို ဆပ်ကပ်လှူဒါန်းခဲ့သည်။ မင်္ဂလာအခါတော် နံနက် ၉ နာရီတိတိတွင် တောင်တွင်းဆရာတော် ဦးခေမာနန္ဒဦးဆောင်ပြီး မကွေးမြို့ စကြာသာသနာပြု ရွှေထီးတော်တင်အဖွဲ့က မင်္ဂလာနတ်ပန်းရထားဖြင့် ရွှေထီးတော်တင်လှူပူဇော်ခဲ့သည်။ အခမ်းအနားကို တောင်တွင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်/ကျေးအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဒေသခံကုသိုလ်ရှင်များ အင်အား ၅၀၀ ခန့် တက်ရောက်၍ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။ လက်ပံရှည်ကျေးရွာသည် ပထမံဘိုးဘိုးအောင်၏ မွေးရပ်ဇာတိဖြစ်ပြီး သဗ္ဗသုခစေတီတော်မြတ်ကြီးသည် အင်းဝခေတ်လက်ရာ စေတီတစ်ဆူဖြစ်ပြီး ပထမံဘိုးဘိုးအောင် အဓိဋ္ဌာန်ဝင်ရောက်ခဲ့သည့် စေတီတော်ကြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကျော်စွာ(မကွေး)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေးဟောပြော

မုံရွာ ဒီဇင်ဘာ ၃၁

မုံရွာခရိုင် ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေသည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီတွင် မုံရွာမြို့နယ် တဲကြီးကုန်းအရှေ့ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှ မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်လျက်ရှိသည့် အလင်းရောင်စာကြည့်တိုက် (၂၄×၁၆×၁၂)ပေ နံကပ်၊ သွပ်မိုး၊ သမံတလင်းခင်း ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးသည် တဲကြီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကို ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာသူ၊ ကျေးရွာသား ၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်ဆွေ(မုံရွာ)

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆိုင်းဘုတ်များစိုက်ထူ

ပခုက္ကူ ဒီဇင်ဘာ ၃၁

ပခုက္ကူမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်မှူးရဲအုပ်စိုးမြင့်ထွေးဦးစီးသောတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ မြို့ရှောင်လမ်းမကြီးနှင့် ဆုံစည်းရာမြိုင်လမ်းဆုံ၊ ထင်းတန်းလမ်းဆုံနှင့် သီတာလမ်းဆုံတို့တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မောင်းသူများ လိုက်နာစေရန်တို့အတွက် ရပ်-ကြည့်-သွားဆိုင်းဘုတ်များနှင့် ရှေ့ကိုက် ၅၀ တွင် လမ်းကူးရှိသည်။ ရှေ့ကိုက် ၁၀၀တွင် လမ်းကူးရှိသည်။ ရှေ့ကိုက် ၂၀၀တွင် လမ်းကူးရှိသည်ဟု စာတန်းပါရှိသည့် ရောင်ပြန်ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြသည်။

ယင်းကဲ့သို့ ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆိုင်းဘုတ်များ စိုက်ထူထားခြင်းအားဖြင့် ယာဉ်မောင်းသူများဘက်မှလည်း ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းမှ သတိပြုဆင်ခြင်၊ ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဖခင်အမည်မှန်

ကော့သောင်းမြို့၊ ရွှေဟသ်ာရပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆဋ္ဌမတန်း(က)၌ ပညာသင်ယူနေသော မအဥ္ဇလီမိုး၏ဖခင်အမည်မှန်မှာ ဦးမင်းအိုင်ရော့နွန်ဖြစ်ပါသည်။

ဦးမင်းအိုင်ရော့နွန်

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက(၁) အဋ္ဌမတန်း(C)မှ မောင်မင်းနိုင်ဦး၏ဖခင် ဦးဇော်ဝင်း၏အမည်မှန်မှာ ဦးဇော်မင်း[၆/သရခ(နိုင်)၀၅၂၆၄၆]ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) USD နှင့် D.D.P(Paung Laung / Upper Keng Taung) Kyat ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	Tender No.	အရေအတွက်	ပစ္စည်းပေးပို့ရန်နေရာ
(က)	Generator Spare Parts	21	1 Lot	D.D.P (Phyu Site) USD
(ခ)	H-Beam	22	1 Lot	D.D.P (Paung Laung) USD
(ဂ)	Nikon Total Station	23	5 Nos	D.D.P (Paung Laung) Kyat
(ဃ)	Vale Port Current Meter VF 101	23	5 Nos	D.D.P (Paung Laung) Kyat
(င)	G-60 Derformed Bar (32 mm)	24	2000 Tons	D.D.P (Paung Laung) Kyat
(စ)	Concrete Pole (10m)	25	177 Nos	D.D.P(Upper Keng Tawng) Kyat
(ဆ)	Concrete Pole (9m)	25	90 Nos	D.D.P (Upper Keng Tawng) Kyat
(ဇ)	ACSR Conductor (70mm^2)	25	8655 kg	D.D.P (Upper Keng Tawng) Kyat
(ဈ)	400 V Distribution Line Material	26	5 Items	D.D.P (Paung Laung) Kyat
(ည)	11/0.4, 500 KVA Transformer	27	10 Nos	D.D.P (Paung Laung) Kyat
(ဋ)	Pozzolan Factory Spare Parts	28	1 Lot	D.D.P (Paung Laung) Kyat
(ဌ)	Laser Guidance System For Concreting Leveling Mounted for Dozer CAT D5N or Similar	29	2 Nos	D.D.P (Paung Laung) Kyat

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)အား ၉-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား တင်သွင်းရန်နှင့် ၁၃း၀၀ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

နိဗ္ဗာန်ဝင်လမ်းအဓိဋ္ဌာန်(၁၀)ရက် တရားစခန်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၈၀)တွင် (၅၀)ကြိမ်မြောက်နိဗ္ဗာန်ဝင်လမ်း အဓိဋ္ဌာန်တရားစခန်းပွဲကြီးကို ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်ကြီး၏ နာယကဆရာတော် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်ချမ်းသာ အမှတ်(၂)ရပ်ကွက် မိုးကုတ်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဦးခေမာစာရနှင့်အတူ ကြံခင်းမြို့ အဖွဲ့ခွဲအမှတ်(၈၀) ဓမ္မကထိကဆရာကြီး ဦးတင်အေးတို့မှ ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားအလှူခံကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

နေ့ရက် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်) ၂၃-၁-၂၀၁၄ ရက် ညနေအရောက် ကြံခင်းမြို့ အဖွဲ့ခွဲအမှတ်(၈၀) ဓမ္မရိပ်သာသို့ ကြွရောက်ပါရန်။

အမှူးဆောင်အဖွဲ့
အဖွဲ့ခွဲအမှတ်(၈၀)
လမ်းမတော်လမ်း၊ ကြံခင်းမြို့

မြတ်ဆရာပူဇော်ကန်တော့ပွဲ

မော်ဘီနည်းပညာတက္ကသိုလ်တွင် ၁၉၉၈မှ ၂၀၀၅ခုနှစ်တွင် စတင်တက်ရောက်ခဲ့သည့် အီလက်ထရွန်နစ်မေဂျာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နေ့ရက် - ၄-၁-၂၀၁၄ ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁၂း၀၀ နာရီမှ ၂း၀၀ နာရီ
နေရာ - တက္ကသိုလ်များဓမ္မာရုံ
(လှည်းတန်းလမ်းဆုံ ကမာရွတ်မြို့နယ်)

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ဖုန်း-၀၉-၄၄၈၀၀၃၉၉၄၊ ၀၉-၅၀၃၀၈၈၉၊ ၀၉-၅၀၇၄၃၉၇၊ ၀၉-၄၅၀၀၅၀၂၀၁

ညနေ ၆း၀၀နာရီမှ စတင်၍ မိတ်ဆုံညစာစားပွဲကို အင်းယားလမ်းရှိ ရွှေရှမ်းကန် (အပေါ်ထပ်)တွင် ပြုလုပ်မည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် ၁၀၀၀၀ိ/-ဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူတက်ရောက်နိုင်ပါသည်။ လက်မှတ်များကို ဆရာကန်တော့ပွဲနေ့တွင် ဝယ်ယူနိုင်ပါသည်။

စစ်ကိုင်းမြို့နယ်စက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲကျင်းပ

စစ်ကိုင်း ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စက်မှုဇုန်အတွင်းရှိ အလုပ်ရှင် အလုပ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင်လည်းကောင်း၊ အုန်းတောကျေးရွာရှိ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို မွန်းလွဲပိုင်းက မေယုခန်းမတွင်လည်းကောင်း ကျင်းပရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ လုဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေနှင့် ပြည်သူအကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်သူဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဖွဲ့စည်းပေးထားသည့်ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ အလုပ်သမား၊ တောင်သူလယ်သမားများ၏ အဓိကလိုလားချက်များအား ထိထိမိမိနှင့် လျင်လျင်မြန်မြန် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ အလုပ်ရှင် အလုပ်သမား၊ တောင်သူလယ်သမားများ အနေဖြင့်လည်း အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများက စက်မှုဇုန်နယ်မြေတွင် လူမှုဖူလုံရေး ဆေးရုံတည်ဆောက်ပေးရေး၊ အခြေခံလုပ်ခလစာ သတ်မှတ်ဆောင်ရွက်ပေးရေး၊ စက်မှုသင်တန်းကျောင်းဖွင့်လှစ်ပေးရေး၊ ကျောက်မျက်ရတနာအချောထည်လုပ်ငန်း ရောင်းဝယ်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးကဲ့သို့ (Oss)အဖွဲ့ ဖွဲ့စည်းပေးရေးကိစ္စရပ်များကိုလည်းကောင်း အုန်းတောကျေးရွာရှိ တောင်သူလယ်သမားများမှ လက်တံမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေတံခါးပြွန်များပြုလုပ်ပေးရေး၊ အဆင့်မြင့်မျိုးကောင်း မျိုးသန့်များ ပံ့ပိုးပေးရေး၊ လယ်ယာသုံးစက်ပစ္စည်းများအား အတိုးမဲ့ဖြင့် အရစ်ကျရောင်းချပေးရေးနှင့် စာကြည့်တိုက်များ ပြုပြင်ပေးရေးကိစ္စရပ်များနှင့်ပက်သက်၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဆပ်ကော်မတီအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းလက်ငင်းဆောင်ရွက်ပေးရမည့်အပိုင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည့်အပိုင်း၊ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးမည့်အပိုင်းဟူ၍ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီးမှ ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလုပ်ရှင်၊ အလုပ်သမား ၄၃၀၊ တောင်သူလယ်သမား ၃၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(စစ်ကိုင်းခရိုင်ပြန်/ဆက်)**

ခြင်ထောင်ဆေးစိမ်နည်းလက်တွေ့သရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာနမှ ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် လက်တွေ့ခြင်ထောင်ဆေးစိမ်သရုပ်ပြခြင်းလုပ်ငန်းကို အပတ်စဉ်(စနေနေ့)တိုင်း ဆောင်ရွက်နေကြောင်း ဒီဇင်ဘာ ၂၈ ရက်က လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ပေါင်းစည်းလမ်း၌ ကျင်းပပြုလုပ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးကာကွယ်ရေးလုပ်ငန်းခွင်မှ ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောကြားသည်။

"ကျန်းမာရေးဌာနရဲ့ ကြီးကြပ်မှုနဲ့ကျွန်မတို့(၁၃)ရပ်ကွက် ဒေသခံပြည်သူတွေက ခြင်ထောင်ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြဆောင်ရွက်နေကြတာပါ။ အခုဆိုရင်ကျွန်မတို့ရပ်ကွက်မှာ ခြင်ထောင်ဆေးစိမ်ပုံဆေးစိမ်နည်းကို အိမ်ရှင်မတွေ အတော်များများ လုပ်ဆောင်နေတတ်နေပြီ"ဟု ယင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဌာနနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ အိမ်ရှင်မများကိုယ်တိုင်ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းကို ပါဝင်ဆောင်ရွက်ကြရာ ယင်းနေ့က ခြင်ထောင်အလုံး ၆၅ လုံးကို လက်တွေ့သရုပ်ပြ ဆေးစိမ်ကြပြီး အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(မောင်သုည)**

စီးပွားရေးကြော်ငြာ

အလေးထားစရာ မြန်မာ့ရိုးရာမုန့်စုံပါ

စာရေးသူ မူကြိုကျောင်းတွင် ကျောင်းလာတက်သည့် ကလေးများ၏ အစားအသောက်ထည့်လာသည့်ခြင်းထဲတွင် များသောအားဖြင့် နိုင်ငံခြားဖြစ်မုန့်များ၊ ဘီစကစ်များနှင့် ချောကလက်များသာတွေ့ရသည်။ မေမြတ်နိုးဆိုသည့် ကလေးငယ်လေး၏ခြင်းထဲမှ မုန့်ဘူးထဲတွင် မုန့်ကွဲသည်း၊ မုန့်စိမ်းပေါင်း၊ မုန့်ဦးနှောက်၊ ရွှေထမင်းအစရှိသည့် မြန်မာ့ရိုးရာမုန့်မျိုးစုံတို့ တစ်နေ့တစ်မျိုးမရိုးနိုင်အောင် ထည့်လာလေ့ရှိသည်။

နိုင်ငံခြားမုန့်များမှာ အဆင်တန်ဆာအားဖြင့်သာ အလှဆင်ထားပေမယ့် အရသာရှိလှပြီး ဝမ်းဗိုက်မပြည့်ပါ။ အားရပါးရအရသာရှိစွာ စားနိုင်သည်မှာ မြန်မာ့ရိုးရာမုန့်မျိုးစုံများပင်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ နိုင်ငံခြားဖြစ်အသင့်စားမုန့်များကာကွယ်တားဆီးရေး လှုပ်ရှားမှုစတင်နေပြီဖြစ်ကြောင်း နေ့စဉ်ထုတ်ကြေးမုံသတင်းစာ(၂၅-၉-၂၀၁၃)တွင် သတင်းတိုလေးဖတ်လိုက်ရ၏။

မြန်မာနိုင်ငံတွင် ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အစားအစာနှင့် နေထိုင်မှုပုံစံပြောင်းလဲလာခြင်းကြောင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများမှာ ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်သောနိုင်ငံများစာရင်း၌ ပါဝင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့စာရင်းများအရ သိရသည်။

နိုင်ငံခြားမှ ဝင်ရောက်လာသောမုန့်များသည် ဆိုးဆေးဓာတုပစ္စည်းများ ထည့်သွင်းထားခြင်းကို ပြည်တွင်းမုန့်လုပ်ငန်းရှင်များက နိုင်ငံခြားပုံစံအတိုင်း ဆိုးဆေးအသုံးပြုသောကြောင့် ကလေးသူငယ်များ တဖြည်းဖြည်း သက်တမ်းတိုလာသည်ဟု ဆိုသည်။

မြန်မာ့ရိုးရာမုန့်များ ပြန်လည်ထွက်ပေါ်လာစေရန် လှုပ်ရှားခြင်းသည် ကလေးသူငယ်များ၏ကျန်းမာရေးအတွက် ရောင်းသူနှင့်စားသုံးသူများ ပေါ်ပေါက်လာလျှင် နိုင်ငံခြားဖြစ်မုန့်များကို စားသုံးသူနည်းပါးသွားနိုင်သည်ဟု ဆိုသည်။ သို့သော် မြန်မာမုန့်များပြုလုပ်ရာတွင် တာရှည်ခံပစ္စည်းများနှင့် ဆေးသကြားများ ထည့်သွင်းအသုံးမပြုရေးကိစ္စကိုလည်း အကြံပြုသည်ဟု ဖတ်ရသည်။

မည်သို့ပင်ဆိုစေ၊ မြန်မာ့ရိုးရာမုန့်များ ပြန်လည်ပေါ်ပေါက်ရေးအတွက် လှုပ်ရှားမှုနှင့်ပက်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသေးသော်လည်း ဝမ်းမြောက်စရာသတင်းကောင်းတစ်ခုဟု မှတ်ယူရမည်။

မြန်မာ့ရိုးရာမုန့်များမှာ များသောအားဖြင့် ဆန်နှင့်ကောက်ညှင်းကို အဓိကထား၍ပြုလုပ်သောမုန့်များဖြစ်သည်။ မုန့်စိမ်းပေါင်း၊ မုန့်ကွဲသည်း၊ မုန့်ပေါင်း၊ မုန့်လက်ကောက်၊ ကောက်ညှင်းပေါင်း၊ ရွှေထမင်း၊ မုန့်ဖက်ထုပ်၊ ဆီထမင်း၊ ထန်းသီးမုန့်၊ မုန့်ဦးနှောက်၊ ကောက်ညှင်းကျည်တောက် စသည်ဖြင့် မုန့်မျိုးစုံရှိသည်။

ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်တွင် နှမ်းထောင်းလေးဖြူးပြီး စားလိုက်ပါက မည်မျှအရသာရှိလိုက်မည်နည်း။ စဉ်းစားရင်းမှာပင် အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းပေါင်း၊ ပဲပြုတ်၊ နှမ်းထောင်းမွှေးမွှေးလေးကို မြင်ယောင်လိုက်မိသည်။

ခင်လပြည့်ဝန်း

အနယ်နယ်အရပ်ရပ်မှ HAPPY WORLD သို့ လာရောက်လည်ပတ်ကြသော ဧည့်သည်တော်များအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် 2014 နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

HAPPY WORLD
Amusement Zone

မယို-မနီ
မြသဇင်ဇာဘော်လီ
နိုင်ငံခြားထုတ်ဘော်လီ၊ ရှင်မီးအကျီ
တာဘ်၊ တောင်းဘီအမျိုးမျိုး



အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမြဘူး

(လေ-အငြိမ်းစား)

အသက်(၇၄)နှစ်

